# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ဒသမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | နိုင်ငံကျော်စာရေးဆရာကြီး ရွှေဥဒေါင်းစာအုပ်များ ထုတ်ဝေမှု၊ စာမူများ ထိန်းသိမ်းထားမှု၊ စာမူခများ ရရှိမှုပမာဏနှင့် ရွှေဥဒေါင်းစာပေဆု ချီးမြှင့်ရန် မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | ဇန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးလင်းစေရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်ခဲ့သော ၁၂၈၀ မဂ္ဂါဝပ် ထွက်ရှိမည့် USC(Ultra Super Critical) နည်းပညာသုံး ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၈ | တမလန်းနှင့် ပိတောက်၊ သစ်မာများကို Annual Allowable Cut သတ်မှတ်၍ ပုဂ္ဂလိကထုတ်လုပ်ခွင့် ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | မြန်အောင်မြို့နယ်၊ မျှင်ဝါးတောင်ကျေးရွာအုပ်စု အတွင်းရှိ ရွှေသမင် သစ်တော ကြိုးဝိုင်းအတွင်း တည်ရှိသော သရက်ချောင်း၊ ပန်းတိုက် ကျေးရွာအား သစ်တောမြေမှပယ်ဖျက်၍ ရွာမြေနှင့်လုပ်စားကိုင်စား မြေအဖြစ် ဖွဲ့စည်းချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၇ |
| ၁၀ | တနိုင်းမြို့နယ်တွင် ပယင်း၊ ရွှေသတ္တုတို့နှင့်စပ်လျဉ်း၍ အသေးစားနှင့် လက်လုပ်လက်စားတူးဖော် ထုတ်လုပ်ခွင့်ကို ခွင့်ပြုနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်နေကြောင်းကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၀ |
| ၁၁ | ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ အကြီးစားရွှေလုပ်ကွက်(A)၊ ဝါးဖြူတောင် ဒေသရှိ ရွှေလုပ်ကွက်(B)၊ သပြေပင်ဒေသနှင့် ဇီးဖြူကုန်း | ၂၄ |

ဒေသရှိ ရွှေလုပ်ကွက် (C)တို့အား တရားဝင်ရွှေထုတ်လုပ်ခွင့်ပြုပေး နိုင်ရေးအတွက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း

၁၂ ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေး ကဏ္ဍတွင် လျှပ်စစ်မီးလင်းရေး ကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ဆင်းရဲသား အများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် နောင်အခါ ဖြန့်ဖြူးရေးအတွက် ပြည်ထောင်စုလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သင်တင့်သောဈေးနှုန်း သတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့် ကာလသတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသောစာချုပ် ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသော စနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၇

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း ၃၃

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၆

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဒသမနေ့ အစီအစဉ်

# [ ၈–၂–၂၀၁၉ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **နိုင်ငံကျော်စာရေးဆရာကြီး ရွှေဥဒေါင်းစာအုပ်များ ထုတ်ဝေမှု၊ စာမူများ ထိန်းသိမ်းထားမှု၊ စာမူခများ ရရှိမှုပမာဏနှင့် ရွှေဥဒေါင်းစာပေဆု ချီးမြှင့်ရန် မည်သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်စိုး၊ ဗန်းမောက် မဲဆန္ဒနယ်၏ **ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးလင်းစေရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောတင်ဝင်း၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်၏ **ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်ခဲ့သော (၁၂၈၀) မီဂါဝပ် ထွက်ရှိမည့် USC (Ultra Super Critical) နည်းပညာသုံး ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **တမလန်းနှင့် ပိတောက်၊ သစ်မာ များကို Annual Allowable Cut သတ်မှတ်၍ ပုဂ္ဂလိက ထုတ်လုပ်ခွင့် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်၊ မျှင်ဝါးတောင် ကျေးရွာအုပ်စုအတွင်းရှိ ရွှေသမင် သစ်တောကြိုးဝိုင်းအတွင်း တည်ရှိသော သရက်ချောင်း၊ ပန်းတိုက်ကျေးရွာအား သစ်တောမြေမှ ပယ်ဖျက်၍ ရွာမြေနှင့် လုပ်စားကိုင်စားမြေအဖြစ် ဖွဲ့စည်းချထား ပေးရန် အစီအစဉ် ရှိ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးလင်းလင်းဦး၊ တနိုင်း မဲဆန္ဒနယ်၏ **တနိုင်းမြို့နယ်တွင် ပယင်း၊ ရွှေသတ္တုတို့နှင့်စပ်လျဉ်း၍ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခွင့်ကို ခွင့်ပြုနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက် နေကြောင်းကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးထွန်းထွန်းဝင်း၊ ရမည်းသင်း မဲဆန္ဒနယ်၏ **ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိ ဒေသရှိ အကြီးစားရွှေလုပ်ကွက် (A)၊ ဝါးဖြူထောင်ဒေသရှိ ရွှေလုပ်ကွက် (B)၊ သပြေပင်ဒေသနှင့် ဇီးဖြူကုန်းဒေသရှိ ရွှေလုပ်ကွက် (C) တို့အား တရားဝင် ရွှေထုတ်လုပ်ခွင့် ပြုပေးနိုင်ရေးအတွက် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်က **"မြန်မာ့လျှပ်စစ် ဖြန့်ဖြူးရေး ကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေ ထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုး ဖြစ်နေရရှာသော ဆင်းရဲသား အများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန် နောင်အခါ ဖြန့်ဖြူးရေးတွင် ပြည်ထောင်စု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သော ဈေးနှုန်း သတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့်ကာလ သတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသော စာချုပ် ချုပ်ပြီး အများပိုင် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသော စနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးပါရန်"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက်
## (၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၆ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၂) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ခွင့် ၁ ရက်၊

(၃) မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်အောင် ခွင့် ၁ ရက်၊

(၄) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊

(၅) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၆) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၇) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၈) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှရွှေဝင်း ခွင့် ၄ ရက်၊

(၉) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှဦး ခွင့် ၁ ရက်၊

(၁၀) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် ခွင့် ၁ ရက်၊

(၁၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၂) မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦး ခွင့် ၁ ရက်၊

(၁၃) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊

(၁၄) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၁၅) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊

(၁၆) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၁ ရက်၊

(၁၇) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊

(၁၈) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်နှင့်

(၁၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၂၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံကျော်စာရေးဆရာကြီးရွှေဥဒေါင်းစာအုပ်များ ထုတ်ဝေမှု၊ စာမူများထိန်းသိမ်းထားမှု၊ စာမူခများ ရရှိမှုပမာဏနှင့် ရွှေဥဒေါင်းစာပေဆုချီးမြှင့်ရန် မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်၊ ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းမှာကတော့ နိုင်ငံကျော်စာရေးဆရာကြီး ရွှေဥဒေါင်းစာပေဆုနှင့်စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ လေးစားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ စာရေးဆရာကြီးရွှေဥဒေါင်းဟာ မြန်မာစာပေလောကနှင့် စာရေးဆရာများက ဦးညွှတ်ဂါရဝပြုရတဲ့ စာရေးဆရာကြီးတစ်ဦးဖြစ်ပါတယ်။ အထူးခြားဆုံးနှင့် အမှတ်ထင်ထင်စံပြုထိုက်တဲ့စာအုပ်ကတော့ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များဆိုတဲ့စာအုပ်ဖြစ်ပါတယ်။ ဆရာကြီးဟာ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာသူ ဒေါ်ကြီးစိုးနဲ့အိမ်ထောင်ကျပြီး ကျွန်တော့်ရဲ့ဇာတိ ကမ်းနီရွာမှာ ၁၉၂၂ ခုနှစ် အင်္ဂလိပ်စာ ကျောင်းဆရာလုပ်ရင်း ကြုံတွေ့ရတဲ့ အဖြစ်အပျက်ကို ရေးထားတဲ့ ကျားကိုက်သောမြင်းဆိုတာ အလယ်တန်းမြန်မာစာကားပြေ လက်ရွေးစင်စာအုပ်မှာ ဖော်ပြခြင်းခံခဲ့ရပါတယ်။ ကျွန်တော်တို့က အဖွားစိုးလို့ခေါ်တဲ့ ဒေါ်ကြီးစိုးဟာ ဘဝရဲ့ နေဝင်စခရီးကို တူမဖြစ်သူမမြင့်မြင့်နှင့်အတူ သက်ဆုံးတိုင်နေသွားပြီး ကမ်းနီရွာမှာပဲ ခေါင်းချသွားခဲ့တာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာရေးဆရာသော်တာဆွေဟာ ဆရာကြီးရွှေဥဒေါင်းရဲ့ လက်ရင်းတပည့်တစ်ဦးခဲ့တဲ့အကြောင်း ဆရာကြီးနှင့် မိသားစုဝင်အဖြစ် တရင်းတနှီးဖြတ်သန်းခဲ့ပုံတွေကို ရှုမဝရုပ်စုံမဂ္ဂဇင်း ကျွန်တော့်ဘဝဇာတ်အကြောင်း(၁၆၆) မှာ ရေးသားထားတာ တွေ့ရပါတယ်။ ဆရာကြီးရွှေဥဒေါင်းကွယ်လွန်သွားပြီးနောက် အဖွားဒေါ်ကြီးစိုး ကမ်းနီးရွာမှာနေစဉ် ဆရာသော်တာဆွေဆီရေးတဲ့စာအကြောင်း လူထုဦးလှက ဆရာသော်တာဆွေရေးတဲ့စာနဲ့ ပူးတွဲစာပါအကြောင်းတွေကို ရေးသားတင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ ၁၉၈၇ ခုနှစ် မတ်လထုတ် ထုတ်ဝေတဲ့ ရှုမဝရုပ်စုံမဂ္ဂဇင်းပါ။ ဒါကတော့ ကျွန်တော့်ဘဝဇာတ်အကြောင်း ၁၆၆ ရဲ့ ဘဝသရုပ်ဖော်ပုံဖြစ်ပါတယ်။ ဒါကတော့ ဆရာကြီးရွှေဥဒေါင်းနဲ့ ဒေါ်ကြီးစိုးတို့ရဲ့ဓာတ်ပုံဖြစ်ပါတယ်။ ဒါကတော့ အဖွားစိုးရဲ့တူမ မမြင့်မြင့်သန်းမှာရှိတဲ့ ဆရာကြီးရွှေဥဒေါင်းရဲ့ ဂန္ဓဝင်ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါကတော့ ယနေ့ ဈေးကွက်မှာထုတ်ဝေပြီးဖြစ်တဲ့ ဆရာကြီးရွှေဥဒေါင်းရဲ့ စာအုပ်တွေဖြစ်ပါတယ်။ ဒါကတော့ ဆရာကြီးနှင့်အတူတူနေခဲ့တဲ့ မမြင့်မြင့်သန်းရဲ့ မိသားစုပုံဖြစ်ပါတယ်။ ယခု လွှတ်တော်ထဲမှာ ဧည့်သည်အဖြစ် လေ့လာရေးရောက်ရှိနေပါတယ်။ ဒါကတော့ ဒေါ်ကြီးစိုးရေးတဲ့စာပါ။ ယခင်ဘဝတွေအမှတ်ရကြောင်း၊ စာမူခစရိတ်ရရှိကြောင်းနှင့် ကျန်းမာကြောင်း အစရှိသဖြင့် ပါရှိပါတယ်။ ဒါကတော့ ဆရာကြီးသော်တာဆွေဆီကို လူထုဦးလှကရေးတဲ့စာပါ။

အဖွားစိုးလာတဲ့အကြောင်း၊ ကမ်းနီကိုပြန်သွားတဲ့အကြောင်း၊ သူ့ကို သတိရတဲ့အကြောင်းတွေကို ရေးထားတဲ့စာဖြစ်ပါတယ်။ ဒါကတော့ အဲဒီစာမှာပါတဲ့ အဖွားဒေါ်ကြီးစိုးကပေးခဲ့တဲ့ ပူးတွဲစာဖြစ်ပါတယ်။ အဲဒီစာမှာ ဆရာကြီး၏ဇနီးဖြစ်သူ ကျွန်မ မစိုးမရှိသည့်နောက် ဆရာကြီး၏စာမူများအတွက် ရသောငွေများကို (၁)ဒါရိုက်တာဦးသုခ၊ (၂)လူထုဦးလှ၊ (၃)စာရေးဆရာသော်တာဆွေ၊ (၄) ဦးဝင်းတင်တို့ လေးဦးတိုင်ပင်ပြီး သင့်လျော်သည့်လူငယ်စာရေးဆရာများအား သင့်လျော်သလိုစဉ်းစားပြီး သင့်လျော်သည့်စာပေဆုများပေးဖို့ ကျွန်မတာဝန်လွှဲအပ်ခဲ့ပါသည်ဆိုပြီးတော့မှ အသိသက်သေများဖြင့် အောက်မှာ သုံးဦးပါရှိပါတယ်။

အဖွားစိုးကွယ်လွန်ပြီးနောက် ဆရာသော်တာဆွေရှိရာ ရန်ကုန်မြို့ကို ဆရာမကြီးလူထုဒေါ်အမာ မှာရောက်ရှိလာပြီး ရွှေဥဒေါင်းစာပေမူပိုင်ခွင့်ထိန်းသိမ်းရေးနှင့် ရွှေဥဒေါင်းဆုအစုအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းခဲ့တယ်လို့ ဆိုပါတယ်။ (၁)လူထုဦးလှ(ကွယ်လွန်)၊ (၂)ဆရာဦးသုခ၊ (၃)လူထုဒေါ်အမာ၊ (၄)သော်တာဆွေတို့အပြင် ဆရာဦးဝင်းတင်တို့ပါဝင်ပြီး စာမူများ ပြန်လည်ထုတ်ဝေရေးကိစ္စအဝဝအတွက် အဆိုပါအဖွဲ့ကပဲ တာဝန်ယူဆောင်ရွက်ခဲ့တယ်လို့ ဆိုပါတယ်။ အဖွဲ့က လုပ်ငန်းစဉ်ခုနစ်ရပ်ချမှတ်ခဲ့ပြီး အမှတ်စဉ်(ဂ)မှာ စာမူပြန်လည်ထုတ်ဝေခွင့်နှင့် စာမူဉာဏ်ပူဇော်ခလက်ခံထိန်းသိမ်းရေးကိစ္စများကို အဖွဲ့၏ကိုယ်စားလှယ်လွှဲအပ်ချက်အရ လူထုဒေါ်အမာတစ်ဦးတည်းက တာဝန်ခံဆောင်ရွက်သွားမည်။ အမှတ်စဉ်(ဃ)မှာ စာမူဉာဏ်ပူဇော်ခများကို အဖွဲ့ဝင်များ၏သဘောတူညီချက်အရ ဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်၍ အပ်နှံထားမည်လို့လည်း ပါရှိပါတယ်။

လေးစားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအထက်ပါအကြောင်းအရာများနှင့်ပတ်သက်ပြီး ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့က တူမလေး မမြင့်မြင့်သန်းက ၎င်းရဲ့ခင်ပွန်း ယခု ထီးချိုင့်မြို့နယ် ပညာရေးမှူးနှင့် ထီးချိုင့်မြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)တို့ဟာ မန္တလေးမြို့မှာ ဆရာမကြီးလူထုဒေါ်အမာနှင့် သွားရောက်တွေ့ဆုံတဲ့အခါ ရွှေဥဒေါင်းစာပေဆုက ထုတ်ပေးရန်မလွယ်ကူသေးကြောင်း လူထုဦးလှနှင့် ဆရာသော်တာဆွေတို့မှာလည်း ကွယ်လွန်သွားကြပြီး ဦးဝင်းတင်မှာလည်း ထောင်ထဲရောက်နေကြောင်း၊ ဆရာကြီးဦးသုခမှာလည်း ကျန်းမာရေးမကောင်းလို့ အမှတ်(၂)စစ်ဆေးရုံတက်နေရကြောင်း၊ စာမူမှရသောငွေများကို ဆရာမကြီးလူထုဒေါ်အမာရဲ့သား ဗိုလ်ညို ယခု စာရေးဆရာ ညီပုလေးအမည်ဖြင့် ဘဏ်မှာအပ်နှံထားကြောင်း ဆရာမကြီးက ပြောပြတာကို မမြင့်မြင့်သန်းရဲ့ ၁၉၉၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့ရက်စွဲနဲ့ ရန်ကုန်မြို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံတင်ပြတဲ့စာမှာပါရှိတာကို တွေ့ရှိရပါတယ်။ သို့ပါ၍ နိုင်ငံကျော်စာရေးဆရာကြီးရွှေဥဒေါင်းစာအုပ်များထုတ်ဝေမှု၊ စာမူများထိန်းသိမ်းထားမှု၊ စာမူခများ ရရှိမှုပမာဏနှင့် ရွှေဥဒေါင်းစာပေဆုချီးမြှင့်ရန် မည်သူက မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံကျော်စာရေးဆရာကြီး ရွှေဥဒေါင်းစာအုပ်များထုတ်ဝေမှု၊ စာမူများထိန်းသိမ်းထားမှု၊ စာမူခများရရှိမှုပမာဏနှင့် ရွှေဥဒေါင်းစာပေဆုချီးမြှင့်ရန် မည်သူက မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာရေးဆရာကြီး ဦးဖေသိန်း (ကလောင်အမည် ရွှေဥဒေါင်း)ဟာ ၁၉၇၃ ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ ကွယ်လွန်ပြီးနောက် ဆရာကြီးရဲ့စာအုပ်စာပေများကို စီမံခန့်ခွဲတာနဲ့ ပတ်သက်လို့ ဆရာကြီးရွှေဥဒေါင်းစာမူထိန်းသိမ်းရေးကော်မတီက ဆောင်ရွက်နေတဲ့အကြောင်းကို သိရှိခဲ့ရပါတယ်။ အဆိုပါကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်သူတစ်ဦးဖြစ်တဲ့ ဆရာမကြီး လူထုဒေါ်အမာရဲ့ သား ဦးငြိမ်းချမ်း(စာရေးဆရာညီပုလေး)ကို ဆက်သွယ်မေးမြန်းတဲ့အခါ ဆရာကစာဖြင့် ယခုလို ပြန်ကြားလာပါတယ်။ ဆရာကြီးရွှေဥဒေါင်းကွယ်လွန်တဲ့အခါ ဇနီးဖြစ်သူ ဒေါ်ကြီးစိုး ကျန်ရစ်ခဲ့ပါတယ်။ ဒေါ်ကြီးစိုးက ဆရာကြီးရွှေဥဒေါင်းရဲ့စာမူများကို ထိန်းသိမ်းဖို့ ဒါရိုက်တာ စာရေးဆရာ ဦးသုခ၊ လူထုဦးလှ၊ လူထုဒေါ်အမာ၊ ဆရာသော်တာဆွေနဲ့ ဟံသာဝတီ ဆရာဦးဝင်းတင်တို့ကို လွှဲအပ်တာဝန်ပေးခဲ့ပါတယ်။

ဖော်ပြပါပုဂ္ဂိုလ်များ ထိန်းသိမ်းလာခဲ့ရာမှ တစ်ဦးပြီးတစ်ဦးကွယ်လွန်သွားခဲ့ကြပြီးနောက် နောက်ဆုံးကျန်ရစ်တဲ့ ဆရာဟံသာဝတီဦးဝင်းတင်က လူထုမိသားစုနဲ့ ဆရာကြီးရွှေဥဒေါင်းရဲ့တူဖြစ်သူ ဆရာလူထု ဦးစိန်ဝင်းတို့ကို ဆက်လက်လွှဲပြောင်းထိန်းသိမ်းစေခဲ့ပါတယ်။ ဆရာလူထုဦးစိန်ဝင်း ကွယ်လွန်သွားတဲ့အခါ လူထုမိသားစုနှင့် ဆရာကြီးရွှေဥဒေါင်းရဲ့မြေး ဦးသန်းအေး(အင်ဂျင်နီယာ)နဲ့ အထက်မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ ဆရာကြီးရဲ့စာမူများကို ဆက်လက်ထိန်းသိမ်းလာခဲ့ရာ ယနေ့ထက်တိုင်ဖြစ်ပါတယ်။ ဆရာကြီးရွှေဥဒေါင်းရဲ့ စာမူခများမှာ ယခုအခါ ကျပ်ငွေ သိန်း ၁၀၈၉ သိန်းကျပ်ရှိပြီး မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်အမှတ်(၂)၊ စာရင်းအမှတ်(SDA)၊ စာရင်းအမျိုးအစား(S)၊ ငွေစာရင်းအမှတ် - SC004088 မှာ စာရင်းသွင်းစုဆောင်းထားရှိပါတယ်။ ဖော်ပြပါစုဆောင်းငွေများကို ဆရာကြီးရွှေဥဒေါင်းရဲ့ဇာတိ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် မန်ကျည်းတုံ့ရွာရှိ ရွှေဥဒေါင်းစာကြည့်နဲ့ အခြေခံပညာအထက်တန်းကျောင်းသို့ လှူဒါန်းဖို့အတွက် ဆရာကြီးရွှေဥဒေါင်း ဆွေမျိုးများနှင့် ရွာမိရွာဖများ ပါဝင်သောအဖွဲ့ကို ပေးအပ်လှူဒါန်းရန် ပြောဆိုတိုင်ပင်ထားပြီးဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှာ စာပေဗိမာန်ကထုတ်ဝေခဲ့တဲ့ မြန်မာဂန္ထဝင် အတွဲ - ၁၀၀ စာစဉ်၊ ဝတ္ထုရှည်စာစဉ် အတွဲ(၂)မှာ

ဆရာကြီးရဲ့ ရတနာပုံဝတ္ထုကို ထည့်သွင်းထုတ်ဝေခဲ့ပြီး ယင်းအတွက် မူပိုင်ခွင့်တောင်းခံခြင်းနှင့် ဉာဏ်ပူဇော်ခချီးမြှင့်ခြင်းတို့ကို စာစဉ်ထုတ်ဝေရေးကော်မတီက ဆရာကြီးရွှေဥဒေါင်းစာမူထိန်းသိမ်းရေး ကော်မတီမှ စာရေးဆရာညီပုလေးနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါတယ်။ ရွှေဥဒေါင်းစာပေဆု ချီးမြှင့်ခြင်းနှင့်ပတ်သက်လို့ကတော့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆရာကြီးရွှေဥဒေါင်းစာမူထိန်းသိမ်းရေး ကော်မတီတို့မှာ လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ပြည်ထောင်စုဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ အခုလို ဆရာကြီးရဲ့ဇာတိမှာ အခုလို ဆရာကြီးရွှေဥဒေါင်းရဲ့နာမည်နဲ့ လှူမယ်လို့ရှိတဲ့အတွက်လည်း ကာယကံရှင်တွေအနေနဲ့ ဝမ်းသာမှာပါ။ ဆရာကြီးရွှေဥဒေါင်းနာမည်နဲ့လှူတယ်ဆိုရင် အထူးဝမ်းသာနေမှာပါ။ နောက်တစ်ခု သူ နောက်ဆုံးပေါ့။ ဆရာကြီးရွှေဥဒေါင်းရဲ့စာမူတွေကို နောက်ဆုံးပိုင်ဆိုင်ခဲ့တာက အဖွားဒေါ်ကြီးစိုးဖြစ်ပါတယ်။ အဖွားဒေါ်ကြီးစိုးက လွဲအပ်ခဲ့တဲ့အခါမှာ ဒီတူမလေး မမြင့်မြင့်ကလည်း ပါခဲ့ပါတယ်။ နောက်ဆုံး ကာယကံရှင်ရဲ့ ဒေါ်ကြီးစိုးရဲ့တူမအရင်း ဒေါ်မြင့်မြင့်ရဲ့ဆန္ဒက ဘာလဲဆိုရင် တာဝန်ရှိတဲ့ ရွှေဥဒေါင်း စာပေဆု ထာဝစဉ်တည်တံ့ရေးအတွက် ဆရာကြီးရဲ့စာမူအားလုံးကို နိုင်ငံတော်ကို အပြီးအပြတ်လှူပါမယ်လို့ ပြောပါတယ်။ တစ်ချိန်မှာ နိုင်ငံတော်ကတစ်ဆင့် ဆုပေးတဲ့အခါမှာ ဆရာကြီးရွှေဥဒေါင်းရဲ့ မျိုးဆက်ဆက်ခံသူတစ်ယောက်အနေနဲ့ အဖွားဒေါ်ကြီးစိုးရဲ့ကိုယ်စား ဆုပေးပွဲတွေမှာ တက်ရောက် ဆုပေးခွင့်ပေးဖို့ တောင်းဆိုပါတယ်။ ဒါကိုလည်း ရွှေဥဒေါင်းစာပေဆုအတွက် ထိန်းသိမ်းရေးကော်မတီ အခြေအနေ ဘယ်လိုချမှတ်မယ်။ ကာယကံရှင်ရဲ့ မေတ္တာရပ်ခံချက်ကို ဘယ်လိုလက်ခံနိုင်မယ်ဆိုတာကို ဝန်ကြီးဌာနအနေနဲ့ ဖြေကြားနိုင်ခြင်းရှိလို့ရှိရင် ဖြေနိုင်ပေးဖို့အတွက် ကျွန်တော်တို့ရဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းနဲ့ပတ်သက်လို့ စာရေးဆရာကြီးရွှေဥဒေါင်းစာမူထိန်းသိမ်းရေးကော်မတီမှ စာရေးဆရာ ညီပုလေးနှင့် ဆက်လက်ပြီးတော့ ဆက်သွယ်ဆောင်ရွက်ပေးပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးလင်းစေရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များအားလုံး

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဇန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဇန်းမောက်မြို့နယ် အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေး မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အခြေခံအဆောက်အဦများဖြစ်ကြတဲ့ လမ်း၊ တံတား၊ အဆောက်အဦများနှင့် ကျန်းမာရေး၊ ပညာရေး စသည်များတိုးတက်လာစေရန် ဆောင်ရွက်ရတဲ့အပြင် ပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေ ရန်အတွက် လျှပ်စစ်မီးရရှိရေးဟာလည်း အဓိကကျပါတယ်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ နိုင်ငံအဝန်း လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပါမှ နိုင်ငံဖွံ့ဖြိုးမှုလျင်မြန်စွာ တိုးတက်စေမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားရရှိနိုင်ပါက ရင်းနှီးမြှုပ်နှံမှုဟာလည်း ပိုမိုလာရောက် လာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ မူဝါဒ(၁၅)ချက်အနက် (ဆ)မှာဆိုရင် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်ဖြင့် ကျေးလက်ဒေသများ လျှပ်စစ်မီး ရရှိရေးကို တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ရည်မှန်းချက်မှာလည်း NEP စီမံချက် Phase (1) ဖြင့် ကျေးရွာပေါင်း ၅၀၀၀ ကျော်ကို မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ရန် ပါရှိပါတယ်။ လုပ်ငန်းစဉ်(ဆ)မှာဆိုရင်လည်း ပြည်သူများရဲ့ လျှပ်စစ်သုံးစွဲမှုတိုးတက်စေရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်များကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအရောက် ဗို့အားလတ်လိုင်း များ၊ ဗို့အားနိမ့်လိုင်းများနဲ့ ဓာတ်အားခွဲရုံများ၊ Transformer များ တိုးချဲ့တည်ဆောက်သွားရန် စသဖြင့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ချမှတ်ထားတာကို တွေ့ရှိရပါတယ်။ ဇန်းမောက်မြို့နယ် မှာ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၄၇ အုပ်စုနဲ့ ကျေးရွာပေါင်း ၂၂၁ ရွာရှိပါတယ်။ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နဲ့ ကျေးရွာ ၁၂ ရွာ မီးလင်းရေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၉၈၀ ခုနှစ်လောက်မှ စပြီးတော့မှ ကျွန်တော်တို့ ဒီဇယ်သုံးမီးစက်နဲ့ တစ်ရက်မှာသုံးနာရီနဲ့ မီးပေးခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်မှာ နိုင်ငံတော်မှ ထည့်ဝင်ငွေတစ်ဝက်၊ ပြည်သူထည့်ဝင်ငွေတစ်ဝက်နဲ့ အင်းတော်မြို့ ဓာတ်အား ခွဲရုံမှတစ်ဆင့် ဓာတ်အားလိုင်းများသွယ်တန်းပြီးတော့ မြို့ပေါ် သုံးရပ်ကွက်ကို မီးလင်းခဲ့ပါတယ်။ ယခု ၁၉ နှစ်ကြာတဲ့အခါမှာ ကျေးရွာပေါင်း ၁၂ ရွာကိုသာ လျှပ်စစ်မီးလင်းရန် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မူဝါဒတွေ၊ ရည်ရွယ်ချက်တွေ၊ လုပ်ငန်းစဉ်တွေ ပါရှိသော်လည်းပဲ ကျွန်တော်တို့မြို့နယ်၊ ကျေးရွာများ လျှပ်စစ်မီးမလင်းနိုင်သေးပါဘူး။ ဒယူးဆရာတော်ဦးဆောင်ပြီးမှ ဒယူးကျေးရွာငါးရွာ၊ စက်တောရွာ၊ နားယကာရွာနဲ့ လယ်နက်ကြီးရွာ သုံးရွာတို့ကို လျှပ်စစ်မီးလင်းနိုင်ဖို့အတွက် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့ရပါတယ်။ NEP စီမံကိန်း Phase (1)၊ Phase (2) နဲ့ ဆောင်ရွက်မယ့် နှစ်မိုင်ပတ်လည်၊ ငါးမိုင်ပတ်လည်ရွာများအား ဓာတ်အားသွယ်တန်းပေးခြင်းကို မြို့နယ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိတဲ့အတွက် ပြည်သူများ မျှော်လင့်လျက်ရှိပါတယ်။ ဇန်းမောက်မြို့ပေါ်မှာ ၃၃/၁၁ ကေဗွီ၊ 5 MVA ဓာတ်အားခွဲရုံ တည်ဆောက်ပြီးဖြစ်ပါတယ်။ ဇန်းမောက်မြို့နယ်မှာ ဒေသစိတ် ၇၁ ကို ဓာတ်အားလွှတ် ပေးနိုင်ရန်အတွက် မြို့ပေါ်ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ခြင်း၊ ဓာတ်အားလိုင်းများတည်ဆောက် ခြင်း၊ ဒေသအလိုက်ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းများကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါကတော့ ရပ်ကွက်သုံးခုနဲ့ ကျေးရွာ ၁၂ ရွာ မီးလင်းတဲ့စာရင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဇန်းမောက်

မြို့ပေါ်နဲ့ မြို့အနီးအနားဝန်းကျင် ၁၂ ရွာ မီးလင်းထားတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ မြို့နယ်အတွက် အဆိုပြုထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ဗန်းမောက်အရှေ့ခြမ်းမှာ ပန်းတောနဲ့ နားမော်ကျေးရွာတွေမှာ ဓာတ်အားခွဲရုံရယ်၊ ဓာတ်အားလိုင်းများတည်ဆောက်ဖို့ အဆိုပြုထားတဲ့ပုံ ဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ ဗန်းမောက်အနောက်ခြမ်းမှာ ဆောင်ရွက်ပေးရမယ့် အဆိုပြု ထားတဲ့ဟာဖြစ်ပါတယ်။ ဒါ ဗန်းမောက်ကနေ ပင်းခါးလမ်းဆုံအထိ ဓာတ်အားလိုင်းဆွဲခြင်း၊ မံစီကြီး၊ စာခမ်း၊ နန်းဇားရွာအထိ ဓာတ်အားလိုင်းဆွဲခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ များရဲ့လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ဝန်ကြီးဌာနရဲ့ မူဝါဒ၊ ရည်ရွယ်ချက်၊ လုပ်ငန်း စဉ်များအရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ မေးမြန်းလိုတဲ့မေးခွန်းကတော့ တင်ပြပါအတိုင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး မေးမြန်းသည့် ဗန်းမောက်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများ လျှပ်စစ်မီးရရှိစေရန် မည်သို့စီစဉ် ဆောင်ရွက်ထားနည်းဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဗန်းမောက်မြို့နယ်အတွင်းမှာ ကျေးရွာပေါင်း ၂၂၃ ရွာရှိတဲ့အနက်က ၁၂ ရွာက ဓာတ်အားစနစ်ကနေ လျှပ်စစ်မီးရရှိထားတဲ့ အခြေအနေဖြစ်ပါတယ်။ လက်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းနဲ့ နှစ်မိုင်အတွင်း မှာတည်ရှိနေတဲ့ ကျေးရွာကိုးရွာရှိကြောင်း စိစစ်တွေ့ရှိရပြီးတော့ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း(NEP)ရဲ့ ပထမအဆင့် အစီအစဉ်မှာ ပါဝင်နေတာဖြစ်ပါတယ်။ နှစ်မိုင်နှင့်အထက်ကနေ ငါးမိုင်အတွင်းမှာတည်ရှိတဲ့ ကျေးရွာပေါင်း နောက်ထပ်၁၇ ရွာက NEP ရဲ့ ဒုတိယအဆင့်အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျန်ရှိနေသောကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးနဲ့ပတ်သက်ပြီး လက်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် လွန်စွာဝေးကွာလျက်ရှိတဲ့အတွက် ကြောင့် အဆိုပါကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ နားမော်ကျေးရွာမှာ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၄ မိုင်တည်ဆောက်ပြီးတော့ ၃၃/၁၁ ကေဗွီ ၃ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ ပန်းတောကျေးရွာ မှာ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတစ်ရုံတည်ဆောက်ခြင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှာ ပင်ပုံကျေးရွာမှာ ၃၃ ကေဗွီ ဓာတ်အားလိုင်းမိုင် ၂၀ နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်းနှင့် ယော်ယော်ကျေးရွာမှာ ၃၃ ကေဗွီဓာတ်အားလိုင်း မိုင် ၃၀ နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတစ်ရုံ တည်ဆောက်ခြင်းတို့ကို

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်းနှင့် ဆက်လက်လိုအပ်နေမယ့် ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ၁၁.၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများကို အဆိုပါ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်သွားတဲ့ ဘဏ္ဍာရေးနှစ်များနဲ့ လိုက်လျောညီထွေစွာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရဲ့ ရန်ပုံငွေမှာ ထည့်သွင်းလျာထားပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်ခဲ့သော ၁၂၈၀ မဂ္ဂါဝပ်ထွက်ရှိမည့် USC(Ultra Super Critical) နည်းပညာသုံး ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောတင်ဝင်း(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တွင်းရှိ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့်မေးခွန်းကတော့ နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ချက်ဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်ခဲ့သော ၁၂၈၀ မဂ္ဂါဝပ်ထွက်ရှိမယ့် USC(Ultra Super Critical)နည်းပညာသုံး ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လျှပ်စစ်ဓာတ်အားများစွာရရှိရန် လိုအပ်လျက်ရှိပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၃၀ ရာခိုင်နှုန်းခန့်သာရှိပြီး ကရင်ပြည်နယ်တွင် ခြောက်ရာခိုင်နှုန်းခန့်သာလျှပ်စစ်မီးရရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုမှာ ရာခိုင်နှုန်းအနည်းဆုံးပြည်နယ် ဖြစ်ပါတယ်။ နိုင်ငံတော်၏ လျှပ်စစ်သုံးစွဲမှုသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲလျက်ရှိပြီး ၄၀၀ မဂ္ဂါဝပ်ခန့် တိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိကြောင်း သိရှိရပါတယ်။ ထိုသို့ နိုင်ငံတော်ရဲ့ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ပြီး USC ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို TTCL ကုမ္ပဏီနဲ့ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားရှိသည်ဟု သိရှိရပါတယ်။ ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရန်အတွက် စီမံကိန်းတည်ဆောက်မည့်မြေနေရာတိုင်းတာခြင်း၊ ပြည်သူလူထုကိုချပြရှင်းလင်းခြင်း၊ (Pre Feasible Study)ကြိုတင်လေ့လာဆန်းစစ်ခြင်း၊ ကြိုတင်ဆောင်ရွက်ပြီးစီးခြင်းနှင့် ကျောက်မီးသွေးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ကွင်းဆင်းတိုင်းတာပေးပြီးဖြစ်ကြောင်း သိရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါရန် တောင်းဆိုပါတယ်။ ဒီဥစ္စာကတော့ ကွင်းဆင်းလေ့လာကြတဲ့ သံလွင်မြစ်ကြောင်းတစ်လျှောက်မှာ ဒီရေလမ်း

ကြောင်းတွေနဲ့ပတ်သက်ပြီးတော့ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးဦးဆောင်တဲ့အဖွဲ့က ကွင်းဆင်း စစ်ဆေးတာဖြစ်ပါတယ်။ ဒါတွေက ကွင်းဆင်းတဲ့အဖွဲ့တွေပါ။ ဒါက ကျွန်တော်တို့ ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံနဲ့ပတ်သက်ပြီးတော့ ပြည်သူလူထုကို၊ ကျေးရွာပြည်သူလူထုကို ရှင်းလင်းပြောကြားပုံ ဖြစ်ပါတယ်။ ဒါလည်း ကျောက်မီးသွေးစက်ရုံမှာ ရှင်းလင်းပြောကြားပုံဖြစ်ပါတယ်။ ဒါက ကျေးရွာလူထု ကနေပြီးတော့ ကျောက်မီးသွေးရဲ့အကျိုးအပြစ်နဲ့ပတ်သက်ပြီး ပြန်လည်မေးမြန်းတဲ့ ပုံတွေဖြစ်ပါတယ်။ ဒီဥစ္စာကတော့ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုမှာ ကျွန်တော်တို့ ကရင်ပြည်နယ်ဟာ ခြောက် ရာခိုင်နှုန်းသာရပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်မှာ အနိမ့်ဆုံးအဆင့်မှာရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ကျန်တဲ့အာဆီယံနိုင်ငံတွေ နှိုင်းပြထားတာပါ။ မလေးရှားနိုင်ငံဆိုရင် အတော်လေးကို ရှေ့တန်းရောက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျောက်မီးသွေးသုံး နိုင်ငံသုံးခုဖြစ်တဲ့ မြန်မာနိုင်ငံရယ်၊ ဗီယက်နမ်နိုင်ငံရယ်၊ ထိုင်းနိုင်ငံရယ် ပြထားတာဖြစ်ပါတယ်။ နောက်လာမယ့် ၂၀၃၀ ခုနှစ်မှာ ကျွန်တော်တို့က ၃၄ ရာခိုင်နှုန်း ကျောက်မီးသွေးသုံးမယ်။ စက်ရုံတွေသုံးမယ်။ ဗီယက်နမ်က ၅၂ ရာခိုင်နှုန်းသုံးမယ်။ ဒီဘက်က ထိုင်းနိုင်ငံက ၁၉ ရာခိုင်နှုန်း သုံးတဲ့အခါ ရရှိလာမယ့်မီဂါဝပ်တွေကိုပြထားတဲ့ ပြချက်ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ကရင်ပြည်နယ်အနေနဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာပြီး အခြေခံဝန်အား (Base Load) အဖြစ် အသုံးပြုနိုင်သော အချိန်တိုအတွင်းတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သော USC နည်းပညာသုံး ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတို့ကို တည်ဆောက်ရန် ကြိုးစားဆောင်ရွက် ခဲ့သည်ကိုသိရှိရပါတယ်။ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံအကြီးစားများ မရှိသေးခြင်း၊ ပြည်နယ်အတွင်းတွင် စက်ရုံ၊ အလုပ်ရုံများကို ရင်းနှီးမြှုပ်နှံမှုများပြားလာပြီး အလုပ်အကိုင်အခွင့် အလမ်းများ ပေါ်များလာစေရေး၊ ပြည်ပရောက်အလုပ်သမားများ ပြည်နယ်အတွင်း ပြန်လည် ဝင်ရောက်လုပ်ကိုင်လာစေရန်နှင့် ပြည်နယ်နှင့်ပြည်ထောင်စုအတွက် ဝင်ငွေများပိုမိုရရှိနိုင်ရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငြိမ်းချမ်းရေးအဖွဲ့အစည်းများသည်လည်း စီးပွားရေး လုပ်ငန်းကို ပိုမိုစိတ်ဝင်စားလာပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်ကြီး ပိုမိုခိုင်မာလာနိုင်ရေး နှင့်တိုးတက်ခေတ်မီသော နည်းပညာအသစ်များကို ဒေသခံပြည်သူများ ဆင့်ပွားတတ်မြောက်နိုင်မည် ကို ဆောင်ရွက်နေသည်ဟု သိရှိရပါတယ်။ စီမံကိန်းတည်ဆောက်မှု ကုန်ကျစရိတ်ကိုလည်း နိုင်ငံတော်မှ စိုက်ခံဆောင်ရွက်ရန်မလိုဘဲ ကုမ္ပဏီမှအလုံးစုံ အကုန်အကျခံဆောင်ရွက်သော စီမံကိန်း ဖြစ်သည်ဟု သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းတည်ဆောက်မှု ကုန်ကျစရိတ်ကိုလည်း နိုင်ငံတော်မှ စိုက်ခံဆောင်ရွက်ရန်မလိုဘဲ။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်း မေးမြန်းသည့် ကရင်ပြည်နယ်တွင် ၁၂၈၀ မဂ္ဂါဝပ်

ထွက်ရှိမည့် (Ultra Super Critical)နည်းပညာသုံး ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေနဲ့ နိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်နိုင်တဲ့ နည်းလမ်းပေါင်းစုံအား အသုံးချပြီးတော့ ဆောင်ရွက်သွားနိုင်ရန် အစဉ်ထာဝရစဉ်းစားဆောင်ရွက်နေတာ ဖြစ်ပါတယ်ခင်ဗျား။

Power Point အသုံးပြုခွင့်၍ ဆက်လက်ရှင်းလင်းတင်ပြခွင့်ပြုပါ။ ထိုင်းနိုင်ငံမှာ အခြေစိုက်တဲ့ ကုမ္ပဏီတစ်ခုရဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မယ့် ၁၂၈၀ မဂ္ဂါဝပ် (Ultra Super Critical)နည်းပညာသုံးစီမံကိန်းကို ကရင်ပြည်နယ်၊ ဘားအံမြို့နယ်က ဝတ်ကြီးကျေးရွာအနီး မှာရှိတဲ့ မြေဧက ၈၁၅ ပေါ်မှာ ဆောင်ရွက်လိုကြောင်း တင်ပြထားတဲ့ စီမံကိန်းဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းဆောင်ရွက်ဖို့ရာအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုပြုရန် အဆိုပါကုမ္ပဏီနှင့် ပြည်နယ် အစိုးရအဖွဲ့တို့ကြားမှာ နားလည်မှုစာချွန်လွှာကို ၃-၄-၂၀၁၈ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါတယ်။ စက်တစ်လုံးကို ၆၄၀ မဂ္ဂါဝပ်နဲ့ စက်နှစ်လုံးတပ်ဆင်ပြီး စက်စွမ်းအားဖြင့် ထုတ်လုပ် ဖို့ရာအတွက်ကို တစ်ရက်ကိုကျောက်မီးသွေးသုံးစွဲဖို့ ကျောက်မီးသွေးတန်ချိန် ၁၂၉၀၀ ခန့် သုံးစွဲမယ် ဖြစ်ကြောင်းနှင့် စီမံကိန်းလုပ်ကိုင်ခွင့်ကို ၂၅ နှစ်ဖြင့် IPP စနစ်ဖြင့် ဆောင်ရွက်ခွင့်တင်ပြထားတဲ့ စီမံကိန်းဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါစီမံကိန်းနဲ့ပတ်သက်ပြီးတော့ ၂၄-၄-၂၀၁၈ ရက် နေ့မှာ ကျင်းပသော စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ်(၇/၂၀၁၈)သို့ တင်ပြခဲ့တဲ့အခါမှာ အဆိုပါအစည်းအဝေးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနများကို တိကျတဲ့အကြံပြုချက်နှင့် လုပ်ငန်းများဆောင်ရွက်ရန် သင့်/မသင့်ကို စိစစ်တင်ပြသွားရန် မှတ်ချက်ပြုပြီး အဆိုပါမှတ်ချက်အရ နိုင်ငံတော်သမ္မတရုံးကနေပြီး တော့ ၂၄-၄-၂၀၁၈ ရက်နေ့ ရက်စွဲပါစာများဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများထံ အကြောင်းကြားစာ များပေးပို့ခဲ့ပါတယ်။ အဆိုပါအကြောင်းကြားစာအရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ နိုင်ငံတော်သမ္မတရုံးထံပြန်လည်တင်ပြတဲ့ အချက်အလက်များကတော့ စီမံကိန်းအတွက်လိုအပ်တဲ့ ကျောက်မီးသွေးများကို ပြည်ပနိုင်ငံတွေကနေ မှာယူရမှာဖြစ်ပြီး ကျောက်မီးသွေးသွင်းကုန်လိုင်စင်နဲ့ ရောက်ရှိလာမယ့် ပြည်ပကသင်္ဘောကြီးများရဲ့ အရွယ်အစားဟာ တန်ချိန် ၁၈၀၀၀၀ ကနေပြီးတော့ ၇၈၀၀၀၀ အထိရှိမယ့် သင်္ဘောကြီးများဖြစ်ပြီး အဆိုပါသင်္ဘောများကို နွေရာသီကျလို့ရှိရင် လှုံလောက်တဲ့ရေအနက်ရှိတဲ့ ဆိပ်ကမ်းနယ်နိမိတ်ပြင်ပက ပင်လယ်ပြင်မှာ ကျောက်ချရပ်ထားနိုင်ရန် အတွက် Floating Terminal လိုအပ်ကြောင်း၊ မိုးရာသီကျလို့ရှိရင် အဆိုပါ Floating Terminal မှာ သင်္ဘောကြီးများကို ဆိုက်ကပ်ထားရန် တာဝန်ရှိတဲ့အတွက်ကြောင့် လှိုင်းလေကွယ်တဲ့ ကုလားကုတ် ကျွန်းအရှေ့ဘက်မှာ အခြေပြုကျောက်ချရပ်နားထားရန်လိုအပ်ကြောင်း၊ အဆိုပါ သင်္ဘောကြီးများ ထံကနေပြီးတော့ တန် ၃၀၀၀ ဆံ့တဲ့ ဇတ်ရေယာဉ်များဖြင့် ကျောက်မီးသွေးများကိုကဲ့ယူပြီးမှ စက်ရုံရဲ့ဆိပ်ကမ်းအရောက်ကို ပို့ဆောင်တင်ချရမှာဖြစ်ပါကြောင်း၊ သင်္ဘောကြီးကနေ ဇတ်ရေယာဉ်ကို ကျောက်မီးသွေးကူးပြောင်းတင်ပို့ချိန်၊ သင်္ဘောကမြစ်ကြောင်းကို ပြန်၍ဆန်တက်ချိန်၊ စက်ရုံမှာ ကျောက်မီးသွေးကို ပြန်ချချိန်၊ စက်ရုံမှသင်္ဘောကြီးရှိရာသို့ ဇတ်ရေယာဉ်များ ပြန်လည်ခုတ်မောင်းချိန်

တို့ကို စနစ်တကျတွက်ချက်တဲ့အခါမှာ သယ်ယူ ပို့ဆောင်ရွက်ရေးစီမံချက်အရ တန် ၃၀၀၀ ဆံ့ ဇတ်ရေယာဉ်အစီး ၂၀ ခန့် နေ့စဉ်ခုတ်မောင်းရန် လိုအပ်ကြောင်းဆိုပြီး တင်ပြထားပါတယ်။

ဆက်လက်ပြီးတော့ မိုးရာသီအတွင်းမှာ သယ်ယူရေး Bus များဟာ ပင်လယ်ပြင်အတွင်း ဝေးလံစွာထွက်၍ သယ်ရမှာဖြစ်တဲ့အတွက်ကြောင့် လှိုင်းလေရှိလို့ရှိရင် ကျိုက္ခမီပင်လယ်ကွေ့မှာ ကုန်ကူးပြောင်းတင်ပို့ရန်အခက်အခဲပိုရှိမှာဖြစ်ကြောင်း၊ သံလွင်တံတား(မော်လမြိုင်)မှ ဘားအံမြို့နယ် ဝတ်ကြီးကျေးရွာအထိ ကျောက်မီးသွေးတင်ဆောင်တဲ့ သင်္ဘောကြီးများသွားလာနိုင်ရန် ရေလမ်းအကျယ် ၁၂၀ မီတာနဲ့ ရေအနက်ရေစစ်မျဉ်းအောက် ၃ မီတာရရှိရေးအတွက် နေရာ ၆၄ နေရာတွင် ခန့်မှန်းကုဗပေမီတာ ငါးသန်းခန့် တူးဖော်ရန်လိုအပ်မှာဖြစ်ကြောင်း၊ ကျိုက်ခမီပင်လယ်ပြင်မှာ ရေယာဉ်ကျောက်ချပြီးတော့ Floating Terminal အဖြစ် ဆောင်ရွက်ပြီး ကျောက်မီးသွေးအတင်အချ ပြုလုပ်ရာမှာ ရေရှည်မှာပင်လယ်ပြင်နှင့် ကမ်းခြေသဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်းကြောင့် ဆောင်ရွက်ရန်မသင့်ပါကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်ကို ပြန်ကြားလာပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနကို တင်ပြလာတဲ့ စီမံကိန်းများကို စဉ်းစားဆောင်ရွက်ရာမှာ နိုင်ငံ့အကျိုးစီးပွားထိခိုက်လာနိုင်ခြင်းရှိ/မရှိ၊ တင်ပြလာတဲ့ စီမံကိန်းရဲ့ကဏ္ဍအလိုက် လောင်စာအရင်းအမြစ်ရရှိမှုပိုင်းဆိုင်ရာ စက်ရုံပိုင်းဆိုင်ရာ၊ ဓာတ်အားလိုင်းနှင့်ခွဲရုံပိုင်း၊ ဒီဇိုင်းပိုင်းဆိုင်ရာ၊ စက်မှုနှင့်လျှပ်စစ်တပ်ဆင်ရေးဆိုင်ရာ၊ စီမံကိန်းကုန်ကျစရိတ်၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ချက် ကိစ္စရပ်များ၊ မြန်မာနိုင်ငံရဲ့ဥပဒေ၊ နည်းဥပဒေများနှင့်ကိုက်ညီမှုရှိရေး၊ ဓာတ်အားစနစ်အတွင်းကို ထည့်သွင်းနိုင်မယ့် အစီအစဉ်များ ဘက်ပေါင်းစုံလေ့လာပြီးမှ ဆက်လက်ဆောင်ရွက်တာဖြစ်ပါတယ်။

ကရင်ပြည်နယ်အတွင်းမှာ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ခွဲဝေသုံးစွဲရရှိနိုင်ရေးအတွက် ကရင်ပြည်နယ်အတွင်း ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီဓာတ်အားလိုင်းရဲ့ ၂၃၀ ကေဗွီမြဝတီဓာတ်အားခွဲရုံကို တည်ဆောက်ဆောင်ရွက်ပေးလျက်ရှိရာမှာ ယခုလာမယ့် ဧပြီလမှာ ပြီးစီးပြီးတော့ နိုင်ငံတော်ရဲ့ဓာတ်အားလိုင်းစနစ်ကွန်ရက်ကနေ ကရင်ပြည်နယ်အတွင်းကို လျှပ်စစ်ဓာတ်အားပိုမိုတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစောတင်ဝင်း(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းလေးမေးမြန်းခွင့်ပြုပါ။ လျှပ်စစ် ဒုတိယဝန်ကြီး ပြည့်ပြည့်စုံစုံ ရှင်းပြသွားတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့အခုနောက်ဆုံးရတဲ့သတင်းအရဆိုရင် မွန်ပြည်နယ်၊ ကုလားကုတ်ကျွန်းကို ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဆိုတဲ့အကြောင်း ကြားသိရပါတယ်။ မကြာခင်လည်း တင်ဒါခေါ်ယူတော့မယ်လို့ သိရှိရပါတယ်။ အကယ်၍ ကုလားကုတ်ကျွန်းမှာ ပင်လယ်ကူးသင်္ဘောကြီးတွေ

ဆိုက်ကပ်နိုင်ရင် အခုနက ဝန်ကြီးပြောသွားသလို ကုန်းလမ်းအနေနဲ့ မီးရထားနဲ့သယ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ ကျွန်တော် သိချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကုလားကုတ်အနီးမှာ ပင်လယ်ကူးသင်္ဘောများဆိုက်ကပ်ပြီးဆောင်ရွက်မယ့်ကိစ္စရပ်ဟာလည်း ပြည်တွင်းကုမ္ပဏီနဲ့ ပြည်ပ ကုမ္ပဏီတို့ရဲ့ Joint Venture နဲ့ ပူးပေါင်းဆောင်ရွက်ပြီး အခြားလုပ်ငန်းများအတွက် ဆောင်ရွက်တဲ့ စီမံကိန်းဖြစ်ပါတယ်။ ဒီကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံအတွက် ဆောင်ရွက်တဲ့စီမံကိန်းတော့ မဟုတ်ပါဘူး။ အကယ်၍ အဲဒီနေရာမှာ ဆိပ်ကမ်းဆောင်ရွက်ပြီးတဲ့အချိန်မှာ မီးရထားတွဲများဖြင့် ကျောက်မီးသွေးများကို သယ်ယူပို့ဆောင်နိုင်ဖို့ဆိုတာ တစ်နေ့တာကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံရဲ့တန်ချိန်လိုအပ်ချက်ဟာ တန်ချိန်ပေါင်း ၁၂၉၀၀ ဖြစ်ပါကြောင်း တင်ပြခဲ့ဖူးပါတယ်။ အဆိုပါ တန်ချိန်များအတွက်ကို မီးရထားဖြင့် သယ်ဆောင်မယ်ဆိုလို့ရှိရင် မီးရထားစီးရေမည်မျှသယ်ရမည် နည်း။ အဲဒီမီးရထားတွဲများဖြင့်သယ်ဆောင်တဲ့အချိန်မှာလည်းပဲ ကျောက်မီးသွေးအမှုန်တွေဟာ တွဲပေါ် ကနေပြီးတော့ ရထားလမ်းတစ်လျှောက်ကို အမှုန်တွေလွင့်စင်ကျသွားနိုင်တဲ့အခြေအနေများ စတဲ့ အခြေအနေတွေကိုလည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရယ်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့ရဲ့သဘောထားမှတ်ချက်တွေကို ဆက်လက်တောင်းခံ ပြီးတော့မှသာ တိတိကျကျပြန်လည်ဖြေကြားပေးနိုင်မှာဖြစ်ပါကြောင်း ဆက်လက်ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တမလန်းနှင့် ပိတောက်၊ သစ်မာများကို Annual Allowable Cut သတ်မှတ်၍ပုဂ္ဂလိကထုတ်လုပ်ခွင့် ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တို့မြန်မာနိုင်ငံသစ်တောများမှာ ကျွန်းနှင့်သစ်မာမျိုးစုံထွက်ရှိတဲ့ အဖိုးတန်သစ်တောကြီးများဖြစ်ကြပါ တယ်။ ထွက်ရှိတဲ့သစ်မာများထဲမှာ ပိတောက်၊ တမလန်းကဲ့သို့သော သစ်မာများဟာ ပြည်တွင်း ဈေးကွက်သာမက အိမ်နီးချင်းနိုင်ငံကြီးတစ်ခုရဲ့ ဈေးကွက်ဝယ်လိုအားနဲ့ ဈေးနှုန်းမြင့်မားမှုတို့ကြောင့် ကျွန်တော်တို့နိုင်ငံအတွင်းမှာ တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်းများကို တွေ့မြင်ကြားသိနေကြရပါတယ်။ ယခင်ကသစ်များကို အချိန်တိုကာလအတွင်းမှာ အလွန်အကျွံ ထုတ်ယူခဲ့တဲ့အတွက် သစ်တောများပြုန်းတီးလာခြင်းကြောင့် ယခုအစိုးရလက်ထက်မှာ ပဲခူးရိုးမ သစ်တောကို ၁၀ နှစ်၊ ကျန်သစ်တောများကို တစ်နှစ်၊ သစ်ထုတ်လုပ်ခြင်းရပ်ဆိုင်းခဲ့ပါတယ်။ သို့သော်လည်း ကျွန်းသစ်နှင့်သစ်မာများ တရားမဝင်ထုတ်လုပ်မှုက ရပ်ဆိုင်းသွားခြင်းမရှိဘဲနဲ့

ယနေ့အထိ ထုတ်လုပ်နေကြဆဲဖြစ်ပါတယ်။ တာဝန်သိပြည်သူတွေက သတင်းအတိအကျပေးလို့ တိုင်ကြားတဲ့အတွက် ဖမ်းဆီးမိတာတွေလည်း ရှိပါတယ်။ သတင်းတိကျပါလျက်နဲ့ မဖမ်းမိလိုက်တာတွေ လည်းရှိပါတယ်။ သတင်းပေးတဲ့ ပြည်သူတွေမသိလိုက်လို့ လွတ်ထွက်သွားတာတွေလည်း ရှိပါတယ်။ တစ်ခါတစ်ရံမှာ ခရိုင်စစ်ကြောင်း၊ တိုင်းစစ်ကြောင်းစသည်အားဖြင့် တရားမဝင်သစ်လုပ်ငန်းများကို စစ်ကြောင်းထိုးရှာဖွေ ဖမ်းဆီးပါတယ်။ ဒါပေမဲ့ အဲ့ဒီစစ်ကြောင်းတွေ ဘယ်နေ့လာမယ်ဆိုတာကို သစ်မှောင်ခိုသမားက သတင်းကြိုသိပြီးသားဖြစ်နေပါတယ်။

Power Point နှင့်တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တင်ပြတဲ့ Power Point မှာပါတဲ့ ဓာတ်ပုံမှတ်တမ်းများဟာ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေမှာ ပုံစံအမျိုးမျိုးနဲ့ ထုတ်လုပ်နေကြတာ တွေ၊ သယ်ယူနေကြတာတွေ၊ ဖမ်းဆီးရမိတာတွေဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ သစ်ထွက်ရာဒေသ အားလုံးမှာလည်း ဒီလိုပုံစံမျိုးတွေဖြစ်နိုင်ပါတယ်။ ဖမ်းဆီးသစ်တွေကို သစ်တောဦးစီးဌာနက လေလံ တင်ရောင်းချတဲ့ ဈေးနှုန်းဟာ သုံးသိန်း၊ လေးသိန်းမျှသာဖြစ်ပါတယ်။ သစ်မှောင်ခိုကုန်သည်က တောထဲမှာ ဝယ်တဲ့ဈေးဟာကောင်းရင်ကောင်းသလို ငါးသိန်းနေပြီးမှ ဆယ်သိန်းအထိ ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် မိမိတိုင်းပြည်ရဲ့ ရေမြေပေါ်မှာပေါက်ရောက်တဲ့ အဖိုးတန်ပစ္စည်းများရဲ့ ဈေးကွက်ပေါက်ဈေးကို သေချာစွာလေ့လာပြီး ပုဂ္ဂလိကထုတ်လုပ်ခွင့်ပေးလိုက်ခြင်းအားဖြင့် စည်းကမ်းမဲ့စွာ တရားမဝင်ထုတ်လုပ်နေခြင်းကို သစ်တောဦးစီးဌာနက မင်ထောင်ရိုက်၍ ထုတ်လုပ် စေခြင်းဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ပေးနိုင်ခြင်း၊ သစ်တောကဏ္ဍရဲ့ ဝင်ငွေကိုတိုးတက် ရရှိစေနိုင်ခြင်း၊ အဂတိလိုက်စားမှုကို လျော့နည်းသွားစေနိုင်ခြင်း၊ တာဝန်သိသိ၊ သစ္စာရှိရှိနဲ့ တာဝန် ထမ်းဆောင်နေကြသော သစ်တောဦးစီးဌာနမှ အမှုထမ်း၊ အရာထမ်းများရဲ့ အသက်အန္တရာယ် ကျရောက်မှုကို အကာအကွယ်ပေးရာရောက်ခြင်းတို့ကြောင့် တမလန်းနှင့်ပိတောက်သစ်များကို Annual Allowable Cut လွန်းဘက်အတိုင်းအတာသတ်မှတ်ပြီးမှ ပုဂ္ဂလိကထုတ်လုပ်ခွင့်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲမြင့်ဆွေ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရှိ သစ်တောများ အဆင့်အတန်းနဲ့ အရည်အသွေးကောင်းမွန်လာစေရေးအတွက် သစ်ထုတ်လုပ်ခြင်းနဲ့ သစ်တောပြုစုခြင်းလုပ်ငန်းတွေကို သစ်တောခရိုင်များအလိုက် သစ်တောအုပ်ချုပ်မှုလုပ်ငန်းစီမံကိန်းများကို (၁၀)နှစ်တစ်ကြိမ် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ ယခုအခါမှာ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းနဲ့ စီမံအုပ်ချုပ်လုပ်ကိုင်လျက်ရှိပြီး သစ်အမျိုးအလိုက် နှစ်စဉ်သစ်တောထွက်ပမာဏ(Annual Allowable Cut-AAc) သတ်မှတ်ခြင်းကိုလည်း စီမံချက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့ရွေးချယ်နည်းစနစ်အရ သစ်ထုတ်ရာမှာ အရွယ်ရောက်သစ်ပင်များကိုသာ ထုတ်ယူပြီး တိုးပွားနှုန်းကောင်းတဲ့ အပင်တွေကို ချန်ခဲ့တဲ့အတွက် သစ်ထုတ်ယူပြီးသော်လည်း နှစ်နှစ်သုံးနှစ်ကြာတဲ့အထိ မြန်မာ့သစ်တောဟာ အစဉ်နူပျိုကောင်းမွန်လျက်ရှိတာကို တွေ့ရှိရပါတယ်။ သစ်တောပြုန်းတီးမှုလျော့နည်းစေရေးအတွက် သစ်ထုတ်လုပ်တဲ့အခါမှာ သစ်တောဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ လုပ်ကိုက်ဆောင်ရွက်ခြင်း၊ ဥပဒေချိုးဖောက်မှုများကို ထိရောက်စွာအရေးယူခြင်း၊ သစ်ခုတ်လှဲထုတ်လုပ်ရာတွင် လွယ်ကူရာဒေသအတွင်းကြုံသလို ထုတ်လုပ်ခွင့်မပြုခြင်း၊ ခရိုင်အလိုက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများမှာ ဖော်ပြထားတဲ့ အစီအစဉ်အတိုင်းထုတ်လုပ်ခြင်း၊ ပင်ထောင်ရိုက်မှတ်ပြီး အပင်များ ခိုးယူခုတ်လှဲ ပျောက်ဆုံးမှုများ မဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ခြင်း၊ ကျွန်းစိုနဲ့ သစ်မာပင်ထောင်များ နှစ်ချင်းထုတ်လုပ်ခြင်း၊ ပင်ထောင်ကျန်များစနစ်တကျ ထုတ်လုပ်ခြင်း၊ ကန့်သတ်လုံးပတ်မပြည့်တဲ့ အပင်တွေကို မသမာသောစိတ်ဓာတ်နဲ့ လုံးပတ်ပြည့်မီသည့် စာရင်းသို့ ခိုးယူသွတ်သွင်းမှုကို ထိရောက်စွာအရေးယူခြင်းနဲ့ ဒေသအလိုက်သတ်မှတ်ထားတဲ့ AAc အသီးသီးထက် မည်သည့်နည်းနှင့်မျှ ကျော်လွန်ထုတ်ယူခြင်းများ မပြုလုပ်ခြင်းအစရှိတဲ့ အချက်များအပေါ်အလေးထားလိုက်နာပြီး သစ်တောပြုန်းတီးမှု လျော့နည်းရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအစိုးရလက်ထက် ၂၀၁၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကကြီးမှူးပြီး ကျင်းပပြုလုပ်ခဲ့တဲ့ သစ်တော သယံဇာတာရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိတဲ့ ဆွေးနွေးပွဲရလဒ်တွေအပေါ်အခြေခံပြီး သစ်ထုတ်လုပ်ကဏ္ဍကို အောက်ပါအတိုင်း စီမံဆောင်ရွက်လျက်ရှိပါတယ်-

(က) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သစ်လုံးဝထုတ်လုပ်မှုမရှိဘဲ ရပ်နားခြင်း၊

(ခ) ပဲခူးရိုးမဒေသအား ၁၀ နှစ်တာကာလ သစ်ထုတ်လုပ်မှုရပ်ဆိုင်းခြင်း၊

(ဂ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း သစ်ထုတ်လုပ်ခြင်းကို AAc သတ်မှတ်ချက်ဘောင်အတွင်းမှ လျှော့ချထုတ်လုပ်ရန်စီမံဆောင်ရွက်ခြင်းနှင့်

(ဃ) မြန်မာ့သစ်လုပ်ငန်းကိုယ်စား ပုဂ္ဂလိကလုပ်ငန်းရှင်များမှ သစ်ထုတ်လုပ်ခြင်းကို လုံးဝခွင့်မပြုဘဲ ဌာနအစီအစဉ်ဖြင့်သာ ဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၈ အရ သစ်ခုတ်လှဲထုတ်လုပ်ခြင်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းများကို အစိုးရအဖွဲ့က တာဝန်ပေးအပ်တဲ့ နိုင်ငံတော်ပိုင်စီးပွားရေး

လုပ်ငန်းအဖြစ် မြန်မာ့သစ်လုပ်ငန်းက ဆောင်ရွက်လျက်ရှိရာ ကျွန်းစို/သစ်မာပင်ထောင်ရိုင်မှတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့အစည်းဖြစ်တဲ့ မြန်မာ့သစ်လုပ်ငန်းကို သစ်ခုတ်လှဲ ထုတ်လုပ်၍ ပြည်တွင်းပြည်ပ ရောင်းဝယ်ခွင့်ပြုလျက်ရှိပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် သစ်ခုတ်လှဲထုတ်လုပ်ခြင်းအတွက် သီးခြားလုပ်ထုံးလုပ်နည်းများ မရှိသေးပါကြောင်းနဲ့ နောင်တွင်ပုဂ္ဂလိက ကုမ္ပဏီ၊ လုပ်ငန်းရှင်များ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိလာပါက ကုမ္ပဏီ၊ လုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်နဲ့ အခြေအနေများအပေါ်အခြေခံပြီး တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ စံနှင့်အညွှန်းများနှင့်အညီ သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။

သို့ပါ၍ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး သစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၈ အရ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် မြန်မာ့သစ်လုပ်ငန်းက ဆောင်ရွက်လျက်ရှိတဲ့အတွက် ပုဂ္ဂလိက/ကုမ္ပဏီလုပ်ငန်းရှင်များအား သစ်ခုတ်လှဲထုတ်ယူခွင့်ပြုမယ့် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မြန်အောင်မြို့နယ်၊ မျှင်ဝါးတောင်ကျေးရွာအုပ်စုအတွင်းရှိ ရွှေသမင်သစ်တောကြိုးဝိုင်းအတွင်း တည်ရှိသော သရက်ချောင်း၊ ပန်းတိုက်ကျေးရွာအား သစ်တောမြေမှပယ်ဖျက်၍ ရွာမြေနှင့်လုပ်စားကိုင်စားမြေအဖြစ် ဖွဲ့စည်းချထားပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် မျှင်ဝါးတောင်ကျေးရွာအုပ်စုအတွင်းမှာ သရက်ချောင်း၊ ပန်းတိုက်ကျေးရွာဟာ ပုသိမ်-မုံရွာကားလမ်းမကြီးရဲ့နံဘေး မိုင်တိုင်အမှတ်(၁၁၄/၄)မှ(၁၁၅/၆)မိုင်အတွင်း ရွှေသမင်သစ်တော ကြိုးဝိုင်းအတွင်းရှိပြီး လွန်ခဲ့တဲ့ ၁၅ နှစ် ၂၀၀၃ ခုနှစ်ကစပြီး စတင်တည်ရှိခဲ့တဲ့ အိမ်ခြေ ၁၁၆ အိမ်၊ အိမ်ထောင်စု ၁၁၆ ခုနဲ့ လူဦးရေ ၄၆၀ ကျော်နေထိုင်တဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ကျေးရွာတစ်ရွာရဲ့ ဖွဲ့စည်းပုံအင်္ဂါရပ်များဖြစ်တဲ့ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ အားကစားကွင်း၊ နိုင်ငံတော်မှဆောင်ရွက်ပေးခဲ့တဲ့ စက်ရေတွင်း၊ ရွာလယ်လမ်းမကြီး၊ ခြံစည်းရိုးအကာအရံများနဲ့ ရွာရဲ့အင်္ဂါရပ်များပေါ်လွင်နေတဲ့ ရွာတစ်ရွာဖြစ်ပါတယ်။ ရွှေသမင်သစ်တောကြိုးဝိုင်းအတွင်း အကွက်အမှတ်(၁၈၊ ၂၀၊ ၂၁၊ ၃၅) ဧရိယာ ၇၇ ဧက၊ အိမ်ခြေ ၁၁၆၊ လယ်ယာမြေ ၅၀ ခန့်နဲ့ တောင်ယာမြေ ၂၀ ခန့် စပါးသီးနှံ၊ မြေပဲ၊ ပဲတီစိမ်းနဲ့နှမ်းသီးနှံများ စိုက်ပျိုးတဲ့ကျေးရွာလေးတစ်ရွာဖြစ်ပါတယ်။ အုပ်စုကျေးရွာကြီးဖြစ်တဲ့ ဟင်အော်တောင်ကျေးရွာနဲ့ လေးမိုင်ခန့်ကွာဝေးတဲ့ရွာလည်းဖြစ်ပါတယ်။ ၎င်းရွာမှအနီးဆုံးဖြစ်တဲ့ မျှင်ဝါးတောင် အ.မ.က နဲ့ ပဲ့ပြားကျေးရွာ အ.မ.က များကို KG တန်းအပါအဝင် ကျောင်းသားဦးရေ ၅၀ ကျော်ခန့် သွားရောက်ပြီး ပညာသင်ကြားနေရတဲ့ သစ်တောကျူးရွာလေးဖြစ်ပါတယ်။ ကျေးရွာနေပြည်သူများအနေဖြင့် မိမိရွာ

လူနေမှုအဆင့်အတန်းအတွက် လမ်း၊ ကျောင်း၊ နေအိမ်၊ အဆောက်အဦများဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခွင့်၊ ဘာသာရေးအရ ကျောင်း၊ ကန်၊ ဘုရားတည်ဆောက်ခွင့်အခွင့်မသာတဲ့ နိုင်ငံသား အခွင့်အရေးများ ချို့တဲ့နေတဲ့ နိုင်ငံသားလက်မှတ်ကိုင်ဆောင်ထားသူများဖြစ်ပါတယ်။

မိမိတို့ကျေးရွာနှင့်မိမိတို့ဘဝလုံခြုံမှုကင်းမဲ့တဲ့ သစ်တောကျူးကျေးရွာ ကျေးရွာသူကျေးရွာသား များအဖြစ် နှစ်ပေါင်းများစွာ စိုးရိမ်စိတ်၊ သံသယစိတ်တို့ဖြင့် ဘဝကိုကာရံနေထိုင်ကြရတဲ့သူများ ဖြစ်ပါတယ်။ ယခုနေထိုင်ရာရွာမှ ရွာပြောင်း၊ ရွာပျက်ခဲ့လျှင် ၎င်းတို့၏မျိုးဆွေသားချင်းများ၊ ရပ်မိရပ်ဖ များ၊ သက်ကြီးရွယ်အိုများ၊ တစ်ရွာတည်းနေတစ်ရေတည်းသောက် သံယောဇဉ်ထား ရွာသူရွာသား များနှင့် နှစ်လရှည်ကြာအေးအတူပူအမျှနေထိုင်ခဲ့ကြတဲ့ လူမှုအသိုင်းအဝိုင်းတစ်ခုလုံး ကစဉ့်ကလျား ဖြစ်ကြမည်ကို စိုးရိမ်ပူပန်ကြောင့်ကြစိတ်ဖြင့် ရှင်သန်နေကြသူများအဖြစ် တွေ့မြင်သိရှိခဲ့ကြပါတယ်။ နိုင်ငံသားတစ်ယောက်နဲ့ထိုက်တန်တဲ့ သိက္ခာရှိလူ့အသိုင်းအဝိုင်းရဲ့စည်းအပြင်က ရိုးသားတဲ့ရွာမဲ့ နိုင်ငံသားများ၊ ရွာမှာနေပြီး ရွာပျောက်နေတဲ့နိုင်ငံသားများအဖြစ် တွေ့ရှိခံစားသိမြင်ခဲ့ရပါတယ်။

သို့ပါ၍ မျှင်ဝါးတောင်ကျေးရွာအုပ်စုအတွင်း ရွှေသမင်သစ်တောကြိုးဝိုင်းအတွင်းတည်ရှိတဲ့ သရက်ချောင်း၊ ပန်းတိုက်ကျေးရွာအား ဥပဒေအရခွင့်ပြုနိုင်မှုအပေါ် အလေးထားစဉ်းစားပြီး သစ်တောမြေမှပယ်ဖျက်၍ ရွာမြေနှင့် လုပ်စားကိုင်စားမြေအဖြစ် ဖွဲ့စည်းချထားပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါကလည်း မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကိုလည်းကောင်း၊ အစီအစဉ် မရှိပါက မည်သည့်အတွက်ကြောင့်လည်းကောင်း သိလို၍ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ သို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ် ဖြေကြားသွားပါတယ်ခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်တဲ့ ရွာစုနဲ့ အိမ်ထောင်စုများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန် သစ်တောဦးစီးဌာနနှင့် ဌာနပေါင်းစုံပါဝင်တဲ့ ပူးပေါင်းအဖွဲ့များမှ မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နဲ့ဆောင်ရွက်ခဲ့ပြီး ကောက်ယူရရှိတဲ့ရင်းများအရ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောမြေမှပယ်ဖျက်ခြင်းလုပ်ငန်းစဉ်အား Power Point မှာတင်ပြတဲ့

အဆင့်အလိုက် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ (က) အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေး အမည်ပေါက်ရွာများ၏ ရွာမြေ၊ လယ်မြေ၊ သာသနာပိုင်/အများပိုင်မြေများကို သစ်တောနယ်မြေ အဖြစ်မှပယ်ဖျက်ခြင်း၊ (ခ) အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်မပေါက်သေးသည့် ကျေးရွာ များအား လုပ်ထုံးလုပ်နည်းနှင့် အညီ သစ်တောနယ်မြေအဖြစ်မှပယ်ဖျက်ခြင်း၊ (ဂ) အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက်ကျေးရွာများနှင့် အမည်မပေါက်သော်လည်း အခိုင်အမာ တည်ထောင်ထားပြီးသည့် ကျေးရွာများအား အထက်ပါလုပ်ထုံးလုပ်နည်းများအတိုင်း သစ်တော နယ်မြေအဖြစ်မှပယ်ဖျက်ပေးခြင်း၊ (ဃ) အိမ်ခြေ ၅၀ အောက် ပြန့်ကျဲနေထိုင်သည့်အိမ်ခြေများနှင့် ပြင်ပမှနေထိုင်ပြီး ကြိုးဝိုင်းအတွင်းကျူးကျော် ဝင်ရောက်လုပ်ကိုင်သူများအတွက် အချိန်ယူစိစစ်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့နှင့်ပူးပေါင်းမှုဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ခြင်းစသည်တို့ ဖြစ်ပါတယ်။

ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများအတွင်း တရားမဝင် ဝင်ရောက် ပြီး နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်တဲ့ ရွာစုနှင့်အိမ်ထောင်စုများအား အဆင့်အလိုက် ပယ်ဖျက်ပေးလျက်ရှိရာ လုပ်ငန်းစဉ်(က)မှ(ဂ)အထိ အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက်/အမည်မပေါက်ရွာ၊ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ များနှင့် အမည်မပေါက်သော်လည်း အခိုင်အမာတည်ထောင်ထားပြီးဖြစ်တဲ့ ကျေးရွာများရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ/အများပိုင်မြေတွေကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးလျက်ရှိပြီး၊ ယာမြေနှင့်ဥယျာဉ်ခြံမြေများအား သစ်တောမြေမှပယ်ဖျက်ခြင်းမပြုဘဲ ယာမြေအား သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့်စနစ်ကိုအခြေခံတဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင် ခြင်းနှင့် ဥယျာဉ်ခြံမြေများအား နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီး အမှတ်စဉ်(ဃ)လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း တင်ပြအပ် ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ် မှာ ကြိုးဝိုင်းတောခြောက်ခု စုစုပေါင်းဧရိယာ ၁.၅၇၇၁၉ သိန်း ဧက ဖွဲ့စည်းထားရှိပြီး ရွှေသမင် သစ်တောကြိုးဝိုင်းအား ၁၉-၃-၂၀၀၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၁ ဖြင့် ဧရိယာ ၁၁၆၆၆ ဧကနဲ့ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် စာရင်းကောက်ယူမှုများအရ မြန်အောင်မြို့နယ်၊ ရွှေသမင် သစ်တောကြိုးဝိုင်း အကွက်အမှတ်(၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၃၅)အတွင်း အိမ်ခြေ ၅၀ အောက် ပြန့်ကျဲ နေထိုင်သော အိမ်ခြေများရဲ့ ရွာမြေ ၂.၉၁ ဧက၊ လယ်မြေ ၁၉၆.၇၅ ဧက၊ ယာမြေ ၄၅ ဧက စုစုပေါင်း ၂၄၄.၆၆ ဧက စာရင်းကောက်ယူရရှိခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ပန်းတိုက် အိမ်စုဟာ ရွှေသမင်ကြိုးဝိုင်းအကွက်အမှတ်(၁၈၊ ၁၉)နဲ့ သရက်ချောင်းအိမ်စုဟာ အကွက်အမှတ်(၂၀၊ ၂၁၊ ၃၅)တို့မှာတည်ရှိပြီး အိမ်ခြေ ၅၀ အောက် ပြန့်ကျဲနေသော အိမ်ခြေများစာရင်းမှာပါဝင်တဲ့အတွက် အဆိုပါမြေအားလုံးဟာ ကြိုးဝိုင်းအတွင်း အခြားဒေသမှဝင်ရောက်လုပ်ကိုင်တဲ့ တောင်သူများ ဖြစ်ကြ ပါတယ်။

သစ်တောဦးစီးဌာနအနေနဲ့ သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်းလုပ်ငန်းစဉ်အမှတ်စဉ်(က) မှ(ဂ) အထိပါဝင်သော မြေအားလုံးအတွက် ပယ်ဖျက်ပေးလျက်ရှိပြီး အိမ်ခြေ ၅၀ အောက် ပြန့်ကျဲတဲ့ အိမ်ထောင်စုများနဲ့ နီးစပ်ရာကျေးရွာများမှ ဝင်ရောက်လုပ်ကိုင်ကြသော လယ်မြေများအား ကြိုးဝိုင်းမှ ပယ်ဖျက်ခြင်းအား လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ပယ်ဖျက်ပေးသည့်အချိန်ကျမှသာ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ သရက်ချောင်း၊ ပန်းတိုက်ကျေးရွာကို ရောက်တဲ့အခါမှာ အခုအချိန်မှာ ဒီ အိမ်ခြေ ၅၀ ကို သီးခြားစာရင်းကောက်ယူတဲ့အခါမှာ အိမ်က ၁၁၆ အိမ်လောက် ရှိနေပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ပြန်လည်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ စဉ်းစားပြီး သေချာစိစစ်ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းမေးလိုပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ အိမ်ခြေ ၅၀ အောက်ရှိတဲ့ ပြန့်ကျဲအိမ်ထောင်စုများနဲ့ ပတ်သက်တဲ့ ဒီအိမ်ထောင်စုတွေကို သစ်တောနယ်မြေကြိုးဝိုင်းကနေ ပယ်ဖျက်ပေးနိုင်မှုအခြေအနေက တစ်ပြည်လုံး အတိုင်းအတာနဲ့ သတ်မှတ်ပြီးမှသာဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီဥစ္စာနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ပြန်လည်ပြီးတော့မှစိစစ်ပြီးမှ အတိအကျပြန်လည်ဖြေကြားပေးပါမယ်။

**တနိုင်းမြို့နယ်တွင် ပယင်း၊ ရွှေသတ္တုတို့နှင့်စပ်လျဉ်း၍ အသေးစားနှင့် လက်လုပ်လက်စားတူးဖော် ထုတ်လုပ်ခွင့်ကို ခွင့်ပြုနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်နေကြောင်းကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်နဲ့မေးခွန်းတစ်ခု မေးမြန်း သွားမှာဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်တွင် ပယင်း၊ ရွှေသတ္တုတို့နှင့်စပ်လျဉ်း၍ အသေးစား၊ လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခွင့်ကို ခွင့်ပြုနိုင် ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်နေကြောင်းကို သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နဲ့ ဖားကန့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုး တို့က

၁၇-၉-၂၀၁၈ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြစာပေးပို့ခဲ့ပါတယ်။ ဒါကိုလည်း ကျွန်တော် မေးခွန်းနှင့်အတူ ပူးတွဲတင်ပြထားပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၃-၇-၂၀၁၇ ရက်နေ့မှာကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့မှာ ကျွန်တော် အဆိုတစ်ခုတင်သွင်းခဲ့ပါတယ်။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင် ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလို နောင်အခါမဖြစ်အောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိ ရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ၎င်းအဆိုကို ပြည်သူ့လွှတ်တော်က အတည်ပြုထားပါတယ်။ အဲဒီအဆိုမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်လည်း အတည်ပြု ပေးဖို့ ထောက်ခံဆွေးနွေးခဲ့ပါတယ်။ ဒီထောက်ခံဆွေးနွေးတဲ့ နိဂုံးချုပ်မှာပြန်ကြည့်မယ်ဆိုလို့ရှိရင် ဝန်ကြီးရဲ့ရှင်းလင်းဖြေကြားချက်နောက်ဆုံးမှာဆိုရင် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်မှာ ကျောက်မျက် ရတနာအသေးစားနဲ့ လက်လုပ်လက်စားလုပ်ငန်းများအနေနဲ့ ပယင်းတူးဖော်ခွင့်၊ ရွှေသတ္တု အသေး စားနှင့် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခွင့်များကို ကချင်ပြည်နယ်အစိုးရအဖွဲ့က တရားဝင် လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် တရားမဝင် ရွှေနှင့်တူးဖော်မှုများ နောင်တွင်ဖြစ်ပွားခြင်းမရှိစေဖို့ ဆောင်ရွက် သွားနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားထားပါတယ်။ အခု ကျွန်တော်တို့ တနိုင်းမြို့နယ်မှာ ရွှေနဲ့ ပယင်းထွက်ရှိရာဒေသတွေဖြစ်တဲ့ နန်ဗျူ၊ ဇီးဖြူကုန်း တုံမဏီတို့မှာ တရားမဝင်လုပ်ငန်းရှင်တချို့ကနေ ဆောင်ရွက်နေကြပါတယ်ဆိုတာကို ကျွန်တော် နယ်မြေသတင်းအရသော်လည်းကောင်း၊ မဲဆန္ဒရှင် ပြည်သူများက တင်ပြ၍သော်လည်းကောင်း၊ လူမှုကွန်ယက်များကသော်လည်းကောင်း သိရှိရပါတယ်။ နိုင်ငံတော်ရဲ့ သယံဇာတနစ်နာမှုကိုမဖြစ်စေရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ စားဝတ်နေရေးပြေလည်စေ ရေးနှင့် အလုပ်လက်မဲ့ပြဿနာနည်းပါးစေရေး၊ နိုင်ငံတော်မှ အခွန်ဘဏ္ဍာရရှိရေးစသောအချက်ကို ရှေးရှုပြီး တနိုင်းမြို့နယ်မှာ ပယင်းနဲ့ ရွှေသတ္တုနှင့်စပ်လျဉ်းပြီး အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ဆောင်ရွက်ခွင့်ကို အမြန်ဆုံးခွင့်ပြုပေးဖို့ လိုအပ်နေပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေဖြင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းကိုတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅၄ ပုဒ်မခွဲ(ခ)အရ

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ရတနာနယ်မြေအသီးသီးမှာ ကျောက်မျက်ရတနာ လက်လုပ်လက်စားလုပ်ကွက်များ လုပ်ပိုင်ခွင့်ပြုမယ့် အမိန့်ကြော်ငြာစာနှင့် ကချင်ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ဖွဲ့စည်းမယ့် အမိန့်ကြော်ငြာစာများကို ၂၆-၉-၂၀၁၈ ရက်နေ့မှာ အမိန့် ကြော်ငြာစာထုတ်ပြန်ပြီးဖြစ်ပါ၍ ကချင်ပြည်နယ်အစိုးရအဖွဲ့က ပယင်းတူးဖော်ခွင့်ကို ကျောက်မျက် ရတနာလက်လုပ်လက်စားအနေနဲ့ တရားဝင်လုပ်ကိုင်ခွင့်ပြုသွားနိုင်ပြီ ဖြစ်ပါတယ်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(က)မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျောက်မျက်ရတနာလုပ်ကွက်စိစစ်ချထားရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပဧရိယာအတွင်း အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့်နေရာဒေသများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် လုပ်ကွက်သတ်မှတ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ရတနာနယ်မြေများအတွင်း လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းကို လုပ်ကိုင်ခွင့်ပြုမယ့်ဧရိယာ ကို ကွင်းဆင်းစစ်ဆေးပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနဲ့လည်း ညှိနှိုင်းသတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်မှာ ပယင်းရတနာကို တရားမဝင် တူးဖော်နေကြတဲ့နေရာဟာ ရတနာနယ်မြေအတွင်း ကျရောက်ခြင်းမရှိတဲ့အတွက် မြန်မာ့ ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(က)အရ ရတနာနယ်မြေပြင်ပမှာရှိတဲ့ လက်လုပ်လက်စား ဧရိယာအဖြစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုပ်ကွက်စိစစ်ချထားရေးအဖွဲ့က လုပ်ကိုင်ခွင့်ပြုနိုင်မှာ ဖြစ်ပါတယ်။

မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၇၉ နှင့် ၉၅ မှာလည်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့်သတ္တု၊ စက်မှုတွင်းထွက်ပစ္စည်း သို့မဟုတ် ကျောက်ကို အသေးစားထုတ်လုပ်ခြင်း၊ လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင် လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သို့ လျှောက်ထားရမည်ဟု ထုတ်ပြန်ထားရှိပြီးဖြစ်ပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ ပြည်ထောင်စုအစိုးရအဖွဲ့ ရဲ့သဘောတူညီချက်နဲ့ တိုင်းဒေသကြီး/ပြည်နယ် ဓာတ်သတ္တုအသေးစား သို့မဟုတ် လက်လုပ် လက်စားလုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကို ၁၃-၂-၂၀၁၈ ရက်နေ့က ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်း ရှင်ဗွေယန်ဟူးကောင်းချိုင့်ဝှမ်းဒေသမှာ ကချင်ပြည်နယ်အစိုးရ အဖွဲ့ကစီမံခန့်ခွဲမယ့် ရွှေသတ္တုအသေးစားလက်လုပ်လက်စားလုပ်ကိုင်ခွင့်အတွက် ဝန်ကြီးဌာနမှ ၆-၉-၂၀၁၈ ရက်စွဲပါစာနဲ့ သတ်မှတ်ပေးခဲ့ပြီးဖြစ်တဲ့အတွက် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်ပေးသွားနိုင်ပြီ ဖြစ်ပါ တယ်။ လက်ရှိမှာတော့ တနိုင်းမြို့နယ်၊ ရှင်ဗွေယန်ဒေသအတွင်း ရွှေအသေးစားလုပ်ကွက်(၂)ကွက်ကို မြို့နယ်ကွင်းဆင်းအဖွဲ့မှ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီးဖြစ်တဲ့အတွက် ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်ရရှိရန် တင်ပြထားပြီးဖြစ်ပါတယ်။

သို့ရာတွင် လတ်တလောကာလမှာ တနိုင်းမြို့နယ်၊ နန်ဗျူ ဇီးဖြူကုန်း၊ လဘူခ၊ ဝေလောဒေသများအတွင်း ရွှေအသေးစားလုပ်ကွက် ကုမ္ပဏီ ၁၅ ခုမှ လုပ်ကွက် ၅၂ ကွက်အား နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ကွင်းဆင်းစစ်ဆေးနိုင်ခြင်းမရှိသေးတာကြောင့် ၁၄-၈-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၈/၂၀၁၈)ဆုံးဖြတ်ချက်အရ တနိုင်းမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ခေတ္တဆိုင်းငံ့ထားပါတယ်။ အကယ်၍ အဆိုပါလုပ်ကွက်များအား ကွင်းဆင်းစစ်ဆေးပြီးပါက အသေးစား၊ လက်လုပ်လက်စားလုပ်ကွက်များအတွက် ဧရိယာသတ်မှတ်ခွင့်ပြုပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုဖို့ တောင်းဆိုပါတယ်ခင်ဗျား။ ခုနကလည်း ကျွန်တော် တနိုင်းမြို့နယ်မှာ ဒေသသုံးခုပေါ့။ နန်ဗျူ ဇီးဖြူကုန်း၊ တုံမဏီပေါ့။ အဲဒီဘက်တွေမှာ ရွှေသတ္တုတွေ၊ ပယင်းတွေ ထွက်တဲ့နေရာတွေပေါ့နော်။ ယခုနယ်မြေဒေသလုံခြုံမှုအခြေအနေကို မကောင်းဘူးဆိုတာကတော့ ခိုင်မာတဲ့အကြောင်းပြချက် မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ကျွန်တော် တနိုင်းမြို့မှာ နေပါတယ်။ တနိုင်းမှာလည်း သိကြပါတယ်။ အဲဒီမှာ လုပ်ငန်းရှင်တချို့ကဆိုရင် ဝင်ရောက်လုပ်ကိုင်နေကြပါတယ်။ အများစုကဆိုရင် တရားဝင်လျှောက်ချင်လုပ်ချင်ကြတယ်။ လျှောက်လို့မရဘူးဖြစ်နေတယ်။ နယ်မြေလုံခြုံမှုအနေအထားကိုအကြောင်းပြပြီး ဒီလိုလုပ်နေမယ်ဆိုရင် နိုင်ငံတော်ရဲ့သယံဇာတက နစ်နာဆုံးရှုံးမှုက ကြီးသထက်ကြီးလာပါမယ်။ ဒါပြီးလို့ရှိရင် အများပြည်သူကလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းသွားပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနကို ဆက်စပ်မေးချင်တာကတော့ ဝန်ကြီးဌာနအနေနဲ့ကာကွယ်ရေးဝန်ကြီးဌာနနဲ့သော်လည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့သော်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းပြီးမှ ကျွန်တော်တို့ဒေသမှာ တရားမဝင်လုပ်ကွက်တွေချနိုင်ဖို့အတွက် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးဖို့အစီအစဉ်ရှိ/မရှိကို သိရှိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ နန်ဗျူ ဇီးဖြူကုန်းဒေသမှာကတော့ လောလောဆယ် ပြည်နယ်အစိုးရရဲ့ ဒီအစည်းအဝေးဆုံးဖြတ်ချက်နဲ့ ကျွန်တော်တို့ ခေတ္တဆိုင်းငံ့ထားခြင်းပဲဖြစ်ပါတယ်။ သို့ရာတွင် ပြီးခဲ့တဲ့လပိုင်းကတော့ ပြည်နယ်အစိုးရရဲ့တောင်းဆိုမှုအတွက်ကြောင့်မို့ ဒီအသေးစားလက်လုပ်လက်စားလုပ်ကွက်တွေကို ရှုဒူးဇွပ်ဒေသမှာသွားရောက်ပြီး ကွင်းဆင်းတိုင်းတာပေးပြီးတော့မှ သတ်မှတ်ပေးခဲ့တာလည်း ရှိပါတယ်။ အကယ်၍ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ကိစ္စနဲ့

ပတ်သက်ပြီးတော့မှ ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့ဆက်လက်ပြီးတော့မှ ညှိနှိုင်းဆောင်ရွက်ပြီးတော့မှ ဆက်လက်ပြီးအမြန်ဆုံးညှိနှိုင်းပြီးတော့မှ ဆောင်ရွက်သွားလို့ရပါတယ်။ ဧရိယာလည်းသတ်မှတ်ပြီးပြီ။ လုပ်ကွက်ဧရိယာလည်း Coordinated အကုန်လုံးလုပ်ထားပြီးပြီဖြစ်တဲ့အတွက်၊ မြေပြင်ကွင်းဆင်းမှု တစ်ခုသာကျန်ရှိတဲ့အတွက် ကျွန်တော်တို့ ပေါင်းစပ်ပြီးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ အကြီးစားရွှေလုပ်ကွက်(A)၊ ဝါးဖြူတောင်ဒေသရှိ ရွှေလုပ်ကွက်(B)၊ သပြေပင်ဒေသနှင့် ဇီးဖြူကုန်းဒေသရှိ ရွှေလုပ်ကွက်(C)တို့အား တရားဝင်ရွှေထုတ်လုပ်ခွင့်ပြုပေးနိုင်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဦးစွာပဏာမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့အကြောင်းအရာကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ အကြီးစားရွှေလုပ်ကွက်(A)၊ ဝါးဖြူတောင်ဒေသရှိ အကြီးစားရွှေလုပ်ကွက် (B)နှင့် သပြေပင်ဒေသနှင့်ဇီးဖြူကုန်းဒေသမှာရှိတဲ့ အကြီးစားရွှေလုပ်ကွက်(C)တို့အား တရားဝင်ရွှေထုတ်လုပ်ခွင့်ပြုနိုင်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ရမည်းသင်းမြို့နယ်ဟာဆိုလို့ရှိရင် ရွှေသတ္တု အများအပြားထွက်ရှိရာဒေသဖြစ်ပြီးတော့ အကြီးစားရွှေလုပ်ကွက်ကြီးများလုပ်ကိုင်ရာဒေသလည်း ဖြစ်ပါတယ်။ (A)လုပ်ကွက်ဟာဆိုလို့ရှိရင် ဧက ၆၀၀၀ ကျော်ရှိပြီးတော့ (B)လုပ်ကွက်ဟာ ဧက ၈၀၀၀ ကျော်ရှိပါတယ်။ (C)လုပ်ကွက်ဟာဆိုလို့ရှိရင်လည်း ဧက ၅၀၀၀ ကျော်ရှိပါတယ်။ ယခင်က (A)၊ (B)၊ (C) လုပ်ကွက်ကြီးမှာ လုပ်ကိုင်နေကြတဲ့ ကုမ္ပဏီများဟာ ရွှေကြွေးကျန်များ အပြေအကြေပေးသွင်းနိုင်ခြင်းမရှိတဲ့အတွက် လုပ်ကွက်ကြီးများ ပိတ်သိမ်းထားခံရတယ်လို့ သိရှိရပါတယ်။ ယခင်က ရွှေသတ္တုတူးဖော်တဲ့ကုမ္ပဏီကြီးများ လုပ်ငန်းလည်ပတ်မှုရှိတဲ့အတွက် ဒေသခံပြည်သူများ၊ နိုင်ငံသူနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကြပြီးတော့ နိုင်ငံတော်အတွက် ဘဏ္ဍာအခွန်ငွေများလည်း ရရှိပါတယ်။ ဆိုင်ကယ်ကယ်ရီနှင့် ကားကယ်ရီသမားများ၊ တည်းခိုခန်းလုပ်ငန်းရှင်များ၊ ကုန်စိမ်းသည် ကနေအစ ရွှေဆိုင်ပိုင်ရှင်များအဆုံး စျေးရောင်းသူများအားလုံး အရောင်းအဝယ် အဆင်ပြေခဲ့ကြပါတယ်။ မိုးထိမိုးမိဒေသကို ယခင်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့ရာတွင် တာဝန်ကျဝန်ထမ်းများနှင့် ရွှေခိုးတူးသူများ နားလည်မှုမှုများရယူကာ လုပ်ကိုင်ခဲ့ကြတဲ့အတွက် နိုင်ငံတော်ဘဏ္ဍာငွေတစ်ပြားတစ်ချပ်မှမရဘဲနဲ့ သယံဇာတများ များစွာဆုံးရှုံးခဲ့ရတဲ့ဖြစ်စဉ်များလည်းရှိပါတယ်။ ယခုအခါဆိုလို့ရှိရင် ၁၂-၁၂-၂၀၁၈ ရက်နေ့က ရမည်းသင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ဝန်ကြီးဌာနကနေပြီးတော့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ပေးဖို့အတွက် လျှောက်ထား

လာတာကိုလည်း သိရှိရပါတယ်။ လက်ရှိအချိန်မှာ (B)လုပ်ကွက်မှာဆိုလို့ရှိရင် (B)လုပ်ကွက်မှာရှိတဲ့ အက်တာ(2)ပေါက်နဲ့ (3)ပေါက်မှာ တရားမဝင်လေလံပေးထားတယ်ဆိုတဲ့အကြောင်း သိရှိရပါတယ်။ အချို့ အက်တာတွေမှာလည်း ဖြုန်းခိုးယူမှုများရှိပြီးတော့ ပန်းတောင်ဒေသရှိ ဖြုန်းကြိတ်စက်များကို သယ်ယူပြီးတော့ ရွှေထုတ်လုပ်မှုများရှိကြောင်း တိုင်ကြားမှုများလည်း ရှိပါတယ်။ လုပ်ကွက်(A)မှာ ဆိုလို့ရှိရင်လည်းပဲ တရားမဝင်ရွှေထုတ်လုပ်မှုများကြောင်း သတင်းများရရှိတဲ့အတွက် ၃၁-၁၂-၂၀၁၈ ရက်နေ့က ဖမ်းဆီးရေးအဖွဲ့နဲ့ တက်ရောက်ဖမ်းဆီးတဲ့အခါမှာ ဖြုန်းကြိတ်စက်လေးလုံးနဲ့အတူ ဆက်စပ်ပစ္စည်း ၂၈ မျိုးကို ရှာဖွေပုံစံနဲ့ သိမ်းဆည်းနိုင်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းမှာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်နဲ့ ဦးစားပေး ဆောင်ရွက်ရမယ့်မူကြမ်းများမှာ သတ္တုတွင်းလုပ်ကွက်များရှိရာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်မည်။ နိုင်ငံတော်နှင့် ရင်းနှီးမြှုပ်နှံသူနှစ်ဦးနှစ်ဖက်မျှမျှတတအကျိုးရှိစေမည့် Win Win System ကိုအခြေခံပြီး အကျိုးတူဆောင်ရွက်မည်ဆိုပြီးတော့ ဖော်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ (C)လုပ်ကွက်မှာကတော့ အမရာကုမ္ပဏီကနေ ဇေက ၃၀၀၀ ကုမ္ပဏီအသစ်အနေနဲ့ လျှောက်ထားတယ်လို့ သိရှိရပါတယ်။ လက်ရှိမှာ (A)နှင့် (B)ကတော့ ပိတ်သိမ်းထားတယ်ဆိုတဲ့အကြောင်း သိရှိရပါတယ်။ ဒါကြောင့် လုပ်ကွက်(A)နှင့်(B)တို့မှာလုပ်ကိုင်တဲ့ ကုမ္ပဏီကြီးများရဲ့ရွှေကြွေးကျန်များကို ၎င်းတို့အများဆုံးပေးသွင်းနိုင်တဲ့ပမာဏကို ကနဦးအနေနဲ့ ညှိနှိုင်းလက်ခံရယူပြီးတော့ ကျန်ရှိကြွေးကျန်များကို အရစ်ကျစနစ်နဲ့ ညှိနှိုင်းပြီးတော့လည်းကောင်း၊ ဒီထက်ကောင်းတဲ့အခြားသောအစီအစဉ်များရှိမည်ဆိုပါကလည်း ဘယ်ကုမ္ပဏီပဲ လုပ်ပိုင်ခွင့်ရရ။ ရမည်းသင်းမြို့နယ်မှာရှိတဲ့ အကြီးစားရွှေလုပ်ကွက်ကြီးများဖြစ်တဲ့ (A)၊ (B)၊ (C) ရွှေလုပ်ကွက်ကြီး များကို တရားဝင်လုပ်ကိုင်ခွင့်ပြုပေးနိုင်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မန္တလေးတိုင်း ဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသမှာ တရားမဝင်ရွှေတူးဖော်ထုတ်လုပ်မှုများရှိခဲ့သဖြင့် ယခင် အိုင်ဗင်ဟိုးကုမ္ပဏီက ရွှေထုတ်လုပ်ရန်တင်ပြခဲ့တဲ့ မြေဧရိယာ ၃၀.၇၅ စတုရန်းမိုင်ကို ပဒ်မ

၁၄၄ ထုတ်ပြန်ထိန်းသိမ်းခဲ့ရဖူးပါတယ်။ အဆိုပါ ပုဒ်မ ၁၄၄ ထုတ်ပြန်ထိန်းသိမ်းခဲ့တဲ့ မြေဧရိယာကို မိုးထိမိုးမိဒေသ လုပ်ကွက်(A) မြေဧရိယာ ၆၁၀၅ ဧက၊ ဝါးဖြူတောင်ဒေသ လုပ်ကွက်(B) မြေဧရိယာ ၈၄၈၄.၅၉ ဧက၊ သပြေပင်နဲ့ ဇီးဖြူကုန်းဒေသ လုပ်ကွက်(C) မြေဧရိယာ ၅၀၉၁.၈၀ ဧကဟူ၍ လုပ်ကွက်သုံးခုပိုင်းခြားထားခဲ့ပါတယ်။ လုပ်ကွက်(A) မှာ တရားဝင် ရွှေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးသို့တင်ပြပြီး နိုင်ငံပိုင်သတင်းစာများမှာ ၃-၅-၂၀၁၁ ရက်နေ့ကနေ ၁၀-၅-၂၀၁၁ ရက်နေ့အထိ ကြော်ငြာထည့်သွင်းပြီးတော့မှ တင်ဒါခေါ်ယူမှုဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါလုပ်ကွက်(A)အား အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက နိုင်ငံတော်သို့ ငါးနှစ်အတွင်း ပုတ်ပြတ်ရွှေစင် ၅.၅၇၇ မက်ထရစ်တန်၊ အဆိုပြုငွေ ကျပ်သန်း ၁၀၀ ဖြင့် တင်ဒါအောင်မြင်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှာ အကြီးစားရွှေထုတ်လုပ်ခွင့်ရရှိခဲ့ပြီး စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပါတယ်။ ကုမ္ပဏီဟာ လုပ်ငန်းအခက်အခဲများကြောင့် မူလစာချုပ်အား ပြင်ဆင်ချုပ်ဆိုခွင့်ပြုရန် တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်တို့မှာ စာချုပ်ကို နှစ်ကြိမ်ပြင်ဆင်ချုပ်ဆိုပေးခဲ့ရပါတယ်။ ပြင်ဆင်စာချုပ်များအရ ပုတ်ပြတ်ရွှေစင်ကို ရှစ်နှစ်အတွင်း ပေးသွင်းရန်နဲ့ လစဉ်ပေးသွင်းရမယ့်ပိဿာနှုန်းထားများကို စာချုပ်တွင် ဖော်ပြထားခဲ့ပါတယ်။ ပုတ်ပြတ်ရွှေစင်ပေးသွင်းပြီးပါက နောက်ထပ် ၁၇ နှစ်အား ထုတ်လုပ်မှုအပေါ် အချိုးခွဲဝေခံစားတဲ့စနစ်နဲ့ ၂၀၃၆ ခုနှစ်အထိ ဆောင်ရွက်ခွင့်ရရှိခဲ့ပါတယ်။

ကုမ္ပဏီသည် ၂၀၁၆ ခုနှစ် ဧပြီလမှစပြီး နိုင်ငံတော်သို့ စာချုပ်ပါသတ်မှတ်ရွှေစင်များ အပြည့်အဝပေးသွင်းခြင်းမရှိခဲ့တဲ့အတွက် ၁၇-၂-၂၀၁၈ ရက်နေ့ ခွင့်ပြုမိန့်ပယ်ဖျက်ခဲ့ပြီး ၁၇-၅-၂၀၁၈ ရက်နေ့မှာ သဘောတူစာချုပ်ကို ရပ်စဲခဲ့ပါတယ်။ ခွင့်ပြုမိန့်ပယ်ဖျက်ခဲ့ပြီးနောက် ဌာနမှ ကုမ္ပဏီကို စာချုပ်ပါ ပေးသွင်းရန်ကျန်ရှိရွှေစင်များရရှိရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့အကြံပြုချက်အတိုင်း မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားမကြောင်းဖြင့် တရားစွဲဆိုရေး ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ကွက်(A)ဧရိယာအတွင်း ရွှေထုတ်လုပ်ခွင့်ကို တရားဝင်ပြန်လည်သတ်မှတ်ချထားနိုင်ရေးအတွက် အဆိုပါတရားမမှု၏ဆုံးဖြတ်ချက်အမိန့်အပေါ်မှာ မူတည်ပြီးတော့မှ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားရန်စီစဉ်ထားပါတယ်။ ရွှေလုပ်ကွက်(B)ကတော့ ဒုတိယအများဆုံးအဆိုပြုခဲ့တဲ့ ရွှေမိုးယံကုမ္ပဏီက ရွှေစင် ၅.၁၁၇ မက်ထရစ်တန်နဲ့ ၂၀၁၁ ခုနှစ်မှာ ထုတ်လုပ်ခွင့်စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ကုမ္ပဏီကလည်း လုပ်ကွက်(A)ကဲ့သို့ပင် လုပ်ငန်းအခက်အခဲများကြောင့် မူလစာချုပ်အား ပြင်ဆင်ချုပ်ဆိုခွင့်ပြုရန်တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်မှာ စာချုပ်နှစ်ကြိမ်ပြင်ဆင်ချုပ်ဆိုပေးခဲ့ရပါတယ်။ ပြင်ဆင်စာချုပ်များအရ ပုတ်ပြတ်ရွှေစင်ကို ရှစ်နှစ်အတွင်း ပေးသွင်းရန်နဲ့ လစဉ်ပေးသွင်းရမယ့်ပိဿာနှုန်းများကိုလည်း ဖော်ပြထားရှိပါတယ်။ ပုတ်ပြတ်ရွှေစင်ပေးသွင်းပြီးပါက နောက်ထပ် ၁၇ နှစ်အား ထုတ်လုပ်မှုအပေါ်အချိုးခွဲဝေတဲ့စနစ်နဲ့ ၂၀၃၆ ခုနှစ်အထိ ဆောင်ရွက်ခွင့်ကိုပေးခဲ့ပါတယ်။

ကုမ္ပဏီက စာချုပ်အရ ရွှေစင်များပေးသွင်းရန်ကျန်ရှိခဲ့သဖြင့် ၈-၁၁-၂၀၁၇ ရက်နေ့မှစပြီး ယနေ့အထိ လုပ်ကွက်(B)ကို လုပ်ငန်းများဆိုင်းငံ့ထားပါတယ်။ လုပ်ကွက်အခြေအနေနဲ့ပတ်သက်ပြီး စာချုပ်ပါစည်းကမ်းချက်များနဲ့အညီ စာချုပ်ရပ်စဲရေးဆောင်ရွက်သွားရန်နဲ့ စာချုပ်ပါစည်းကမ်း

အတိုင်းမပေးသွင်းမှုအပေါ် တည်ဆဲဥပဒေများနဲ့အညီဆောင်ရွက်သွားရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး မှ ၂၂-၁-၂၀၁၉ ရက်စွဲပါစာဖြင့် အကြံပြုခဲ့ပါတယ်။ လုပ်ကွက်(B)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်အတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြပြီး မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ရွှေလုပ်ကွက်(C)ကတော့ ၈-၅-၂၀၁၂ ရက်နေ့ကနေပြီးတော့ ၇-၅-၂၀၁၇ ရက်နေ့အထိ ခွင့်ပြုသက်တမ်းငါးနှစ်နဲ့ မြန်မာ စန်းသီအောင်ကုမ္ပဏီကို ရွှေတူးဖော်ထုတ်လုပ်ခွင့်ပေးခဲ့ပါတယ်။ ပြင်ဆင်ချိန်ကာလအပြီး ရွှေထုတ်လုပ်မှုကာလစတင်ချိန်မှာ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ၃၁-၈-၂၀၁၃ ရက်နေ့မှာ စာချုပ်စည်းကမ်းနှင့်မညီညွတ်တဲ့အတွက် လုပ်ကွက်အား ပိတ်သိမ်းခဲ့ပါ တယ်။ အဆိုပါရွှေလုပ်ကွက်(C)မှာ ယခုအခါ AMARI Group(Australia) Co.,Ltd ဟာ နန်းခွဲဒေသ မြေပုံညွှန်း 93 D/6 ဝန်းကျင်မှာ ရွှေနှင့်ဆက်စပ်သတ္တုရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးနဲ့ ဖြစ်မြောက် နိုင်စွမ်းလေ့လာရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားတဲ့အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့သဘောထားမှတ်ချက်ကို တောင်းခံထားပါတယ်။ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့သဘောထားမှတ်ချက်ပြန်ကြားရရှိပါက မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနဲ့အညီ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေး ကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ဆင်းရဲသား အများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် နောင်အခါ ဖြန့်ဖြူးရေးအတွက် ပြည်ထောင်စုလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သင်တင့်သော ဈေးနှုန်း သတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့် ကာလသတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသောစာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသော စနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သံဖြူဇရပ် မဲဆန္ဒနယ်က ဦးဉာဏ်ဟိန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးဉာဏ်ဟိန်းအား အဆိုတင်သွင်း ဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိကြတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။

ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီအဆိုကို တင်ရခြင်းရဲ့ အဓိကအကြောင်း အရင်းနှစ်ချက်ရှိပါတယ်။ ပထမအချက်ကို တင်ပြအပ်ပါတယ်။ အစည်းအဝေးနားကာလ ကျွန်တော်တို့လူထုတွေ့ဆုံပွဲတိုင်းမှာ အစိုးရလျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရနေတဲ့ ရွာနေဆင်းရဲသားပြည်သူများက သူတို့သည် မီးလင်းရေးကော်မတီထံ ရင်းနှီးမတည်ငွေ မထည့်ဝင်နိုင်လို့ မီးမသုံးရပါဘူး။ မီးသုံးခွင့်ရချင်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ ကူညီပေးပါလို့ ငြိုးငယ်သောမျက်ဝန်းများဖြင့် အကူအညီတောင်းခံရတာတွေရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့လျှပ်စစ်ကဏ္ဍသုံးရပ်ဖြစ်တဲ့ ထုတ်လုပ်ခြင်း၊ ဆက်သွယ်ခြင်းနဲ့ ဖြန့်ဖြူးရေးကဏ္ဍတွေမှာ ထုတ်လုပ်မှု၊ ဆက်သွယ်မှုပြီးတဲ့အခါမှာ ဖြန့်ဖြူးမှုပြုဖို့ ရန်ပုံငွေ အားနည်းသွာတာကြောင့် ဖြန့်ဖြူးရေးအခြေခံပစ္စည်းဖြစ်တဲ့ ၄၀၀ ဗို့ကြိုးကို ဆက်သွယ်ရေးနှင့် ဓာတ်အားမြှင့်ထရန်စဖော်မာများအတွက်ကို သက်ဆိုင်ရာရွာများက ရင်းနှီးမြှုပ်နှံတာဝန်ယူရတဲ့ မီးလင်းရေးကော်မတီမှတစ်ဆင့် ဖြန့်ဖြူးတဲ့စနစ်ကို ကျင့်သုံးခဲ့ရကြောင်း မူလကစည်းကမ်းချက်(၂၄) ချက် သတ်မှတ်ထားပြီး ယခု ၁၂ ချက်ဟု ဖြေလျှော့ထားကြောင်း ပြည်သူ့လွှတ်တော်အတွင်း ဝန်ကြီးဌာနရဲ့ ဖြေကြားချက်များအရ သိရှိရပါတယ်။ ဒီတော့မီးလင်းရေးကော်မတီများပေါ်လာပြီး အခြေခံပြုစုတည်ဆောက်ရန် ရန်ပုံငွေများကို ကျပ် ၅၀၀၀၀၀၊ ကျပ် ၁၀၀၀၀၀၀ စသည် ထည့်ဝင်ကြတာ ဖြစ်ပါတယ်။ စုဆောင်းငွေရှိတဲ့ လူတန်းစားသာမီးသုံးနိုင်ပြီး အလွန်ဆင်းရဲနွမ်းပါးတဲ့ တစ်နေ့လုပ်တစ်နေ့စား ဆင်းရဲသားပြည်သူတို့ဟာ သူတို့ရဲ့ရငွေလေးနဲ့ အိုးနှင့်ဆန်တန်အောင်မျှ သုံးစွဲနိုင်ပါသော်လည်းပဲ စုငွေမရှိသည့်အတွက်ကြောင့် လျှပ်စစ်မီးသုံးနိုင်ရေးဟာ အိမ်မက်လိုဖြစ်နေရပါတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ မဲဆန္ဒပြုပေးခဲ့တဲ့ ကိုယ်စားလှယ်တော်ကြီးများကို အားကိုးတကြီးဖြင့် အကူအညီတောင်းကြလေ့ရှိပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်များကလည်း ကျင့်သုံးတဲ့စနစ်အရ ရန်ပုံငွေမထည့်ပေးဘဲ မီးမရနိုင်ကြောင်းရှင်းလင်းပြောပြတဲ့အခါ အားကိုးမရခြင်း၊ အားငယ်ဝမ်းနည်းခြင်းများကို သူတို့ရဲ့ မျက်ဝန်းထဲမှာတွေ့ရလို့ ကျွန်တော်တို့ အိပ်မပျော်သောညများစွာ ရရှိခဲ့ရပါတယ်။ ခေါင်းထဲအတွေးထဲမှာလည်း ဒီစိန်ခေါ်မှုကို ဖြေရှင်းဖို့နည်းလမ်းများစွာ ကြံဆနေမိပါတယ်။ ယခုတင်သွင်းမည့်အဆိုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိုဆင်းရဲသားအများပြည်သူရဲ့ မျက်ဝန်းမှာ ပျော်ရွှင်အားရကျေနပ်ခြင်း အရောင်တွေထွက်စေမည့်အဆိုဖြစ်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဒုတိယအကြောင်းပြချက်ကတော့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအစိုးရလက်ထက်မှာ ကံပေါက်၊ မီးလောင်ချိုင့်၊ အလုံနှင့် ကျောက်ဖြူမြို့ လေးနေရာမှာ LLG သုံးလျှပ်စစ် ၃၀၉၁ မီဂါဝပ်ထပ်မံ ထုတ်လုပ်ခွင့်ပြုပြီလို့ သိရှိရပါတယ်။ လွန်ရောကျွံရော ၂၀၂၂ ခုနှစ်လောက်မှာ စပြီးထုတ်လုပ်နိုင်တော့မှာ ဖြစ်ပါတယ်။ ထုတ်လုပ်ဆက်သွယ်ဖြန့်ဖြူးရေးကဏ္ဍဟာ တစ်ပြိုင်တည်းပြီးအောင် လုပ်ရတဲ့ စီမံကိန်းအမျိုးအစားဖြစ်ပါတယ်။ ဒီလိုမဖြစ်ခဲ့လို့ ရှေ့မီးလင်းရေးကော်မတီနည်းဖြင့် ဖြန့်ဖြူးခဲ့တဲ့ အားနည်းချက်ကို သင်ခန်းစာယူပြီး ထုတ်လုပ်သမျှကို ဖြန့်ဖြူးရောင်းချနိုင်ဖို့ စီမံကိန်းကျကျနန ရေးဆွဲထားဖို့လိုအပ်ပါတယ်။ ၆၀ ရာခိုင်နှုန်းလိုအပ်ချက်ရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ ထုတ်လုပ်သမျှ ရွာတွေက ယူသုံးမှာပဲလို့ မတွေးဆသင့်ပါဘူး။ မူဝင်များ လျှပ်စစ်မီးလင်းရေးကော်မတီတောင် မဖွဲ့စည်းနိုင်တဲ့ ကျေးရွာများစွာရှိနေတာမို့ ထုတ်လုပ်သမျှ ဖြန့်ဖြူးနိုင်က အစိုးရဝန်ကြီးဌာနကို

အရှုံးပေါ်နေမှာဖြစ်ပါတယ်။ ထပ်မံထုတ်လုပ်မှုသည် လက်ရှိသုံးစွဲနေတဲ့ ပမာဏနည်းပါး ထုတ်လွှတ်လိုက်တာဖြစ်တဲ့အတွက်ကြောင့် အကုန်ဖြန့်အပ်နိုင်ဖို့ ဘဏ္ဍာရေးခက်ခဲနေတဲ့ ကျွန်တော်တို့ နိုင်ငံအတွက် စိတ်ခေါ်မှုကြီးဖြစ်ရပါမယ်။ ဒါကိုလည်း ကျွန်တော့်အဆိုက ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။ ဒီအချက်နှစ်ချက်ကြောင့် ကျွန်တော်ဒီအဆိုကို တင်ရခြင်းဖြစ်ပါတယ်။

ကျွန်တော့်အဆိုကို ရှင်းပြမည်ဆိုပါက ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဆိုတာ နိုင်ငံတကာမှာတော့ ကြိုက်ရောင်းကြိုက်ဝယ် စီးပွားရေးလုပ်ငန်းပိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့နှင့်ထိစပ်တဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ လျှပ်စစ်မီးသုံးလိုတဲ့သူက အကြောင်းကြားလိုက်တာနဲ့ ကုမ္ပဏီကအစစ ခလုတ်ရိုက်သည်အထိတာဝန်ယူပြီးတော့ ကျွန်တော်တို့ သုံးစွဲသူက သုံးစွဲတဲ့မီးယူနစ်အလိုက်သာလျှင် ငွေပေးချေရခြင်းဖြစ်လို့ ဝန်ထုပ်ဝန်ပိုးအများကြီးကင်းပါတယ်။ အဲဒီလိုစနစ်ကို ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ဆင်းရဲချမ်းသာမရွေး ကိုယ့်အိုးနှင့်ကိုယ့်ဆန်တန်ရုံ မီးသုံးစွဲခွင့်ရနိုင်မည်ဖြစ်ပါတယ်။ ဒီလိုအများပိုင်ကုမ္ပဏီတွေကို မြှုပ်နှံခွင့်ပေးရာမှာ စိန်ခေါ်မှုရှိပါတယ်။ ဝိသမလောဘဖြင့် ဈေးမေးကောက်ခံခြင်းစသည်တို့ ပေါ်လာနိုင်ပါတယ်။ ဒါကို ဈေးနှုန်းအမှန်တွက်ချက်နိုင်တဲ့ ကျွန်တော်တို့ဝန်ကြီးဌာနက ရောင်းဈေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကြေကာလ သတ်မှတ်ပေးခြင်း၊ အကျိုးအမြတ်ကာလ သတ်မှတ်ပေးခြင်းတို့ကို စာချုပ်ဖြင့် ခိုင်မာအောင်ချုပ်ထားခြင်းအားဖြင့် ကျွန်တော်တို့ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းသွားနိုင်မှာဖြစ်ပါတယ်။ ဒီအကျိုးအမြတ်ခံစားမှုကာလပြီးတဲ့အချိန်မှာလည်းပဲ ကျွန်တော်တို့ နိုင်ငံပိုင်အဖြစ် စာချုပ်ချုပ်ထားခြင်းအားဖြင့် အဖိုး၊ အဖွားများထက်လက်မှာ ခြိုးခြံချွေတာမှုဟာ သားသမီးမျာလက်ထက်မှာ လျှပ်စစ်ဓာတ်အားကိုယ်ပိုင်ထုတ်လုပ်ဖြန့်ဖြူးနိုင်တဲ့အဆင့်ကိုရောက်သွား မှာဖြစ်ပါတယ်။ BOT စနစ်ဖော်ထုတ်စေခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒီနည်းကလည်းပဲ ရန်ပုံငွေကိုချို့တဲ့သော နိုင်ငံများအတွက် သူတစ်ပါးအရင်းအနှီးနှင့် ဖွံ့ဖြိုးရေးတည်ဆောက်တဲ့ စနစ်တစ်ရပ်လည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်ရဲ့အဆိုဟာ ဆင်းရဲသားအခြေခံလူတန်းစား အများကို အိုးနှင့်ဆန်တန်ရုံ မီးသုံးစွဲခွင့်ရစေတာ တွေ့ရမှာဖြစ်ပါတယ်။ ထို့ပြင် ပြည်တွင်းအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကိုလည်း စီးပွားရေးမြှုပ်နှံနိုင်ရန် လုပ်ငန်းဖော်ထုတ်ပေးနိုင်ခြင်းနှင့် နိုင်ငံသားများကိုလည်း လုပ်ငန်းလိုအပ်ချက်အရအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ခြင်း အကျိုးရစေမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီအဆိုကိုအကောင်အထည်ဖော်နိုင်တာနဲ့အမျှ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်က ပြည်သူအကျိုးပြု လျှပ်စစ်ဖွံ့ဖြိုးရေးလုပ်နိုင်ခဲ့တာလို့ သမိုင်းတွင်ဂုဏ်ယူနိုင်သွားကြမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဘယ်အဖွဲ့အစည်း၊ ဘယ်ပါတီကလို့မရှိတော့ဘဲ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ညီညွတ်သောစွမ်းဆောင်မှုကြောင့်ဆိုတာကို ပြသကြဖို့ အဆိုကိုဆွေးနွေးနိုင်ရေးနှင့် အတည်ပြုနိုင်ရေးတို့အတွက် ဝိုင်းဝန်းကူညီပေးကြပါလို့ ဖိတ်ခေါ်လျှက် မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ဆင်းရဲသား အများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် နောင်ကာလဖြန့်ဖြူးရေးတွင် ပြည်ထောင်စု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သောဈေးနှုန်း သတ်မှတ်

ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးအမြတ်ကာလသတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသော စာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးသောစနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးပါရန် မဲဆန္ဒရှင်များကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ တိုက်တွန်းအပ်ပါကြောင်း အဆိုကို ရှိသေလေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူနိုင်ကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဟိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိုးမင်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း တင်သွင်းသည့် မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကုမ္ပဏီများထံ ရင်းနှီးထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ဆင်းရဲသား အများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲရန်၊ နောင်အခါ ဖြန့်ဖြူးရေးတွင် ပြည်ထောင်စု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သောဈေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့်ကာလ သတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသောစာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသော စနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဦးချင်းဝင်ငွေ GDP တစ်ခုတည်းနှင့် တွက်ချက်တိုင်းတာလို့မရတော့ပါဘူး။ နိုင်ငံသားတစ်ဦးချင်း၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုဖြင့်ပါ တိုင်းတာနေပြီဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်မှုဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျနေပါတယ်။ ဒါကြောင့် လျှပ်စစ်ကဏ္ဍမြင့်မားရေးဟာ ခေတ်များစွာဖွံ့ဖြိုးမှုနောက်ကျခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံအတွက် အထူးအရေးကြီးလှပါတယ်။ ယခုအခါ လျှပ်စစ်ဓာတ်အားကို LLG ဖြင့် ထုတ်လုပ်နေပြီဖြစ်သလို တစ်ဖက်မှာလည်း ၂၇ ရာခိုင်နှုန်းပျောက်ဆုံးနေတဲ့လျှပ်စစ်ဓာတ်အားတွေကို ခေတ်မီစက်ကြီးများလဲလှယ်ခြင်း၊ ဟောင်းမြည့်ဆက်သွယ်ရေးကြိုးများလဲခြင်း၊ ၆၆ ကေဗွီဓာတ်အားခွဲရုံများတည်ဆောက်ခြင်း စသည့် ပြုပြင်ပြောင်းလဲမှုများကြောင့် ပျောက်ဆုံးလျှပ်စစ်ဓာတ်အားဟာ ၁၀ ရာခိုင်နှုန်းမျှသာရှိပါတော့တယ်။ ဒါ့အပြင် NEP ဆိုတဲ့ အမျိုးသားလျှပ်စစ်စီမံကိန်းကိုလည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ NEP အမျိုးသားလျှပ်စစ်စီမံကိန်းမှာ ပထမအဆင့်အနေနဲ့ ဓာတ်အားလိုင်းမှ နှစ်မိုင်အတွင်းရှိ ကျေးရွာများကို ၁၁ ကေဗွီသွယ်တန်းပေးခြင်း၊ ထရန်စဖော်မာများတပ်ဆင်ပေးခြင်းများကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်မှကောက်ယူထားသောစစ်တမ်းများအရ ဓာတ်အားလိုင်းနှင့် နှစ်မိုင်

အနီး ကျေးရွာပေါင်း ၅၀၈၀ ရှိပါတယ်။ NEP စီမံကိန်းမှာ ကမ္ဘာ့ဘဏ်ကချေးငွေအဖြစ် စံချိန်မီ အရည်အသွေးမီ ကြိုးများ၊ တိုင်များ၊ ထရန်စဖော်မာများ မှာယူကာ အဆင်သင့်ဖြစ်နေပြီလို့ သိရပါ တယ်။ သို့သော် ကျေးရွာများမှ ဆောင်ရွက်ပေးရမယ့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ကိုတော့ တကယ့်လက်တွေ့မှာ အားလုံးသောကျေးရွာများက တာဝန်မယူနိုင်ဘဲ ကျေးရွာ ၁၂၀၀ ခန့် ကသာ မီးလင်းရေးကော်မတီဖွဲ့ဆောင်ရွက်နိုင်တာ တွေ့ရပါတယ်။ ဒီအခြေအနေကိုကြည့်ရင် ကမ္ဘာ့ဘဏ်ချေးငွေနှင့် NEP စီမံကိန်းအရ ၂၀၃၀ မှာ ကျေးရွာအားလုံးမီးလင်းရမယ်ဆိုတဲ့စီမံချက်မှာ ကျေးရွာတွေက ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်နိုင်ခြင်းမရှိလျှင် ဘယ်လိုလုပ်မီးလင်းမလဲ။ ဒီကိစ္စကိုဖြေရှင်းဖို့ ကျွန်တော်တို့ ဘယ်လိုစဉ်းစားကြမလဲ။ ပြည်သူအများစုရဲ့လက်တွေ့အခက်အခဲကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ ထည့်စဉ်းစားဖို့လိုနေပြီလို့ တင်ပြလိုပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ် တဲ့ရွှာငံမြို့နယ်မှာ NEP စီမံကိန်းအရ ဓာတ်အားလိုင်းနဲ့နှစ်မိုင်အတွင်း ကျေးရွာ ၁၈ ရွာရှိပါတယ်။ မီးကော်မတီဖွဲ့ပြီး ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်နိုင်တာ ခုနစ်ရွာပဲရှိပါတယ်။ ဒါတောင်မှ ၄၀၀ ဗို့ လိုင်းအပြည့်မဆွဲနိုင်သေးပါဘူး။ တတ်နိုင်သလောက်စလုပ်ရတဲ့အခြေအနေပဲရှိပါတယ်။ ကျေးရွာနေ လူထုအနည်းအများကွာခြားမှု၊ စီးပွားရေးအခြေအနေခြားနားမှု၊ ဆင်းရဲချမ်းသာမှုကွာဟမှုများက မီးလင်းရေးကော်မတီဖွဲ့ပြီး ၄၀၀ ဗို့လိုင်းဆောင်ရွက်ဖို့အတွက် အဟန့်အတားဖြစ်နေပါတယ်။ အဆိုရှင် ရဲ့ရည်ရွယ်ချက်စေတနာက ဒီအခက်အခဲကို ဖြေရှင်းဖို့တင်ပြတာဖြစ်တဲ့အတွက် အဆိုအား လေးနက် စွာထောက်ခံအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လျှပ်စစ်ဖြန့်ဖြူးရေး နဲ့ပတ်သက်လို့ ပြဿနာအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုး၊ နေရာဒေသအလိုက် ကြုံတွေ့နေရပါတယ်။ အဆိုရှင်တင်ပြသလို ဝန်ကြီးဌာနနှင့် ခိုင်မာသောစာချုပ်ဖြင့် ဝိသမဆန်ဆန် ဈေးနှုန်းမြှင့်ချင်သလို မြှင့်မယ်။ ဈေးနှုန်းတိုးချင်သလို တိုးလို့မရအောင် အရင်းကျေကာလ၊ အကျိုးအမြတ်ကာလတို့ကို ဝန်ကြီး ဌာနမှထိန်းချုပ်ထားမှာဖြစ်လို့ ပေါ်လာနိုင်တဲ့စိန်ခေါ်မှုများကို ဖြေရှင်းပြီးဖြစ်တာကို ဒီစနစ်က B.O.T စနစ်ပါပဲ။ ရန်ကုန်နှင့်မန္တလေးမှာတော့ ဒီစနစ်ဆန်ဆန်ဖြန့်ဖြူးနေပါတယ်။ သို့သော် လျှပ်စစ် ဓာတ်အားကော်ပိုရေးရှင်းက ကြားဝင်ခံထားတာပဲကွာပါတယ်။ ဒါ့အပြင် အဆိုရှင်က မီးလင်းရေး ကော်မတီမဖွဲ့နိုင်သေးသော၊ မဖွဲ့ရသေးသော ကျေးရွာများမှာ ဒီစနစ်ကိုဖော်ဆောင်စေတာမို့ ဖွဲ့ပြီးသား ကျေးရွာများအတွက်လည်း မည်သည့်အနှောင့်အယှက်မှ မဖြစ်စေတဲ့အဆို ဖြစ်ပါတယ်။ ငွေကြေးတတ် နိုင်သူ ရွာသားများအတွက်လည်း အများပိုင်ကုမ္ပဏီများမှတစ်ဆင့် ဖြန့်ဖြူးတာဖြစ်လို့ အစုရှယ်ယာ ဝင်ကြေးဖြင့် သုံးစွဲစရိတ်သက်သာစေမှာဖြစ်ပါတယ်။ ယခုအဆိုက ပြည်တွင်း အသေးစား၊ အလတ်စား လုပ်ငန်းရှင်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ SME လုပ်ငန်းကို တိုးမြှင့်ပေးရာ ရောက်ခြင်း၊ နိုင်ငံသားများအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများလည်းရစေမှာဖြစ်ပါတယ်။

ဖြန့်ဖြူးရေးကုမ္ပဏီများအတွက် အလိုင်းမင်းများ စာရင်းဇယားပြုစုလုပ်ကိုင်ဖို့ ရုံးဝန်ထမ်းများ လိုအပ်လာမှာဖြစ်တဲ့အတွက် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက် လာစေမှာဖြစ်ပါတယ်။ ထို့အပြင် မြန်မာ့လျှပ်စစ်ဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ တစ်နိုင်ငံလုံးလျှပ်စစ်

မီးလင်းရေးရည်မှန်းချက်ထက် ပိုအနှစ်သာရရှိတဲ့ နိုင်ငံသားတိုင်း ဆင်းရဲချမ်းသာမရွေး လျှပ်စစ်သုံးစွဲခွင့်ရရေးဆိုတဲ့ အဆင့်မြင့်ရည်ရွယ်ချက်အဆိုဖြစ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ဟိန်း တင်သွင်းတဲ့အဆိုဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိရေးအတွက် စိန်ခေါ်မှုအခက်အခဲများကို ဖြေရှင်းရန်၊ စနစ်ကောင်းတစ်ခုဖော်ထုတ်ပေးပါရန်ဆိုတဲ့အတွက် တကယ်ကိုပြည်သူလူထုက ၄၀၀ ဗို့ခါတ်အားလိုင်းနဲ့ပတ်သက်ပြီးတော့ ၄၀၀ ဗို့ခါတ်အားလိုင်း တစ်မိုင်ကို သတ်မှတ်ထားတာ သိန်း ၄၆၀ လောက်ရှိပါတယ်။ ဒီဟာကို ကျွန်တော်တို့ကျေးရွာပြည်သူလူထုအနေနဲ့ နှစ်မိုင်လောက် ဆိုရင် သိန်း ၉၀၀၊ ၁၀၀၀ လောက်ဆို ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒီ့အတွက် စနစ်ကောင်းတစ်ခု ဖော်ထုတ်ပေးဖို့ အဆိုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တကယ့်ကိုအခြေခံပြည်သူလူထုအတွက် စိန်ခေါ်မှုများကို ဖြေရှင်းရန်ဖြစ်တဲ့အတွက် စနစ်ကောင်းတစ်ခုဖော်ပေးပါရန်အဆိုဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ကြီးမှ ကျယ်ကျယ်ပြန့်ပြန့်လက်ခံဆွေးနွေးပေးပါရန် အဆိုအားထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးညာဏ်ဟိန်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးညာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသော မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ဆင်းရဲသားအများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် နောင်အခါဖြန့်ဖြူးရေးတွင် ပြည်ထောင်စုလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သောဈေးနှုန်း သတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့်ကာလသတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသောစာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဖြန့်ဖြူးစေသောစနစ်ကောင်းတစ်ရပ်ဖော်ထုတ်ပေးပါရန်ဆိုသောအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဦးညာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၁-၂-၂၀၁၉ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၆-၂-၂၀၁၉ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်နှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြအစီရင်ခံသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးတင်သွင်းသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့်

အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာခဲ့ခြင်းဖြစ်ပါတယ်။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် အခြေခံပြီး ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

(၁) ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေသည့် တရားလွှတ်တော်ရှေ့နေများကောင်စီ ဥပဒေကို ပြန်လည်အသက်ဝင်လာစေရန်၊ (၂) ရှေ့နေများကိုယ်တိုင်က ၎င်းတို့အား စီမံခန့်ခွဲသည့် တရားလွှတ်တော်ရှေ့နေများကောင်စီကို မိမိတို့စိတ်ကြိုက် ရွေးချယ်တာဝန်ပေးအပ်နိုင်စေရန်၊ (၃) အသစ်ဖွဲ့စည်းပေါ်ပေါက်လာမယ့် တရားလွှတ်တော် ရှေ့နေများကောင်စီသည် တစ်နိုင်ငံလုံးရှိ ရှေ့နေများအား ကိုယ်စားပြုနိုင်စေရန်၊ (၄) တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှာ ဥပဒေကြမ်းကော်မတီနှင့်အတူ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ တရားလွှတ်တော်ချုပ်ရှေ့နေများကောင်စီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေရာမှာ အမျိုးသားလွှတ်တော်မှ မြန်မာဘာသာဖြင့် ပြင်ဆင်အတည်ပြုခဲ့ခြင်းကို ဥပဒေကြမ်းကော်မတီမှ အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီးတော့ အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ယခု တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေအရ ၁၉၂၉ ခုနှစ်ကတည်းက အင်္ဂလိပ်ဘာသာဖြင့် ယနေ့အချိန်အထိ အတည်ဖြစ်လျက်ရှိတဲ့ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ယခု ဥပဒေဟာ အမျိုးသားလွှတ်တော်မှ အင်္ဂလိပ်ဘာသာဖြင့် အတည်ပြုလျက်ရှိသော ဥပဒေကို မြန်မာဘာသာဖြင့် ပြင်ဆင်၍ အတည်ပြုလာခြင်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၁၂ အရ ကော်မရှင်သည် မိမိအတည်ပြုသော မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူအာဏာတည်ရမည်ဟု အမိန့်ဖြင့်ထုတ်ပြန်ကြေညာရမည်လို့ ဆိုတဲ့အတွက်ကြောင့် ဥပဒေဘာသာပြန်ကော်မရှင်က အမိန့်ကြော်ငြာစာ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့်မို့လို့ ဥပဒေဘာသာပြန်ကော်မရှင်က နေပြီးတော့ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၈)ဖြင့် The Bar Council Act အက်ဥပဒေအပါအဝင် ဥပဒေကိုးခုကို မြန်မာဘာသာပြန်၍ အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့တဲ့အတွက် အင်္ဂလိပ်ဘာသာဖြင့် အတည်ဖြစ်လျက်ရှိသော ဥပဒေကို အမျိုးသားလွှတ်တော်က မြန်မာဘာသာဖြင့် ပြောင်းလဲအတည်ပြုခဲ့ခြင်းဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သက်ဆိုင်ရာပညာရှင်များနှင့်အတူ ဆွေးနွေးခဲ့တဲ့အခါမှာ အင်္ဂလိပ်ဘာသာဖြင့်အတည်ပြုလျက်ရှိတဲ့ The Bar Council Act ဥပဒေသည် လက်ရှိတည်ဆဲဥပဒေဖြစ်သလို အမိန့်ထုတ်ပြန်ပြီးဖြစ်တဲ့ မြန်မာဘာသာဖြင့် ပြန်ဆိုထားသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေသည် မူလတည်ဆဲ အင်္ဂလိပ်ဘာသာဖြင့်ရေးဆွဲထားသော ဥပဒေနှင့်အလားတူ အာဏာတည်နေကြောင်းနှင့် အသုံးပြု၍ရရှိနိုင်စေရန်အတွက် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေအရ အခွင့်အာဏာပေးထားခြင်းသာဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာဖြင့် အတည်ဖြစ်လျက်ရှိသောဥပဒေကို ရုပ်သိမ်း၍ မြန်မာဘာသာဖြင့် အသစ်ပြန်လည်ရေးဆွဲမှသာ သင့်တော်မှာဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာဖြင့် အတည်ဖြစ်လျက်ရှိသောဥပဒေကို မြန်မာဘာသာဖြင့် ပြင်ဆင်ပါက အလားတူခြင်းမရှိတော့တဲ့အတွက် အာဏာတည်/မတည်ဆိုတာ အငြင်းပွားဖွယ်ရာ ဖြစ်လာမှာဖြစ်ပါတယ်။ ထို့ကြောင့်မို့လို့ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော Bar Council Act ဥပဒေကို ယခုကဲ့သို့ အင်္ဂလိပ်လိုပြင်ဆင်ပြီးမှ ယင်းပြင်ဆင်ချက်ကို ဥပဒေဘာသာပြန်ကော်မရှင်က ပုဒ်မ ၁၂ အရ ဘာသာပြန်ဆိုမိန့် ထုတ်ပြန်ကြေညာခြင်းက ပို၍သင့်တော်မှာဖြစ်ပါတယ်။

ဘာသာပြန်ကော်မရှင်ကလည်းပဲ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုခွင့်ကိုလည်း ပေးထားခြင်းသာဖြစ်ပါတယ်။ ဘာသာပြန်ကော်မရှင်ဥပဒေက ပေးထားခြင်းသာဖြစ်ပါတယ်။ ထို့အတွက်ကြောင့်မို့လို့ The Bar Council Act ဥပဒေကို အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ခြင်းက ပို၍သင့်တော်မှာဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီမှ အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်၍ စိစစ်ခဲ့ခြင်း ဖြစ်ပါတယ်။ စိစစ်ချက်ဇယားများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၃-၂-၂၀၁၉ ရက် ဗုဒ္ဓဟူးနေ့ ညနေ(၄)နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၃။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၄၃ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ (၈.၂.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Aung Hla Tun　　U Maung Maung




Dr Tun Naing　　U Kyaw Soe




Dr Tun Naing　　U Saw Tin Win




Dr Ye Myint Swe　　U Tun Wai




Dr Ye Myint Swe　　U Khin Maung Latt




Dr Ye Myint Swe　　U Linn Linn Oo

pyithu.hluttaw.mm



Dr Ye Myint Swe



U Tun Tun Win

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်